ကြေးမုံ
The Mirror Daily
Established in 1957
၁၉၅၇ ဇွေီ ၁၆ တွင် စတင်တည်ထောင်သည်။

**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။ လောကဝဂ်(ဓမ္မပဒ-၁၇၂)



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မာရဝိဇယဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်အတွင်း၌ ကဆုန်လပြည့်ကုသိုလ်တော်အဖြစ် ဗုဒ္ဓရုပ်ပွားတော်မြတ်အား မုစလိန္ဒ နဂါးရုံဘုရားကျောင်းဆောင်တော်သို့ မင်္ဂလာစက်ခလုတ်နှိပ်၍ ပင့်ဆောင်စဉ်။

# မာရဝိဇယဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်အတွင်း၌ ကဆုန်လပြည့်ကုသိုလ်တော်အဖြစ် မုစလိန္ဒ နဂါးရုံဘုရားကျောင်းဆောင်တော်သို့ ဗုဒ္ဓရုပ်ပွားတော် ပင့်ဆောင်ပူဇော်ခြင်းနှင့် မဟာဗောဓိပင်တော် စိုက်ပျိုးပူဇော်ခြင်း မင်္ဂလာအခမ်းအနား ကျင်းပ

နေပြည်တော် မေ ၃

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်လျက်ရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း၌ ကဆုန်လပြည့်ဗုဒ္ဓနေ့ ကုသိုလ်တော်အဖြစ် မုစလိန္ဒ နဂါးရုံဘုရားကျောင်းဆောင်တော်သို့ ဗုဒ္ဓရုပ်ပွားတော်ပင့်ဆောင်ပူဇော်ခြင်းနှင့် မဟာဗောဓိပင်တော် စိုက်ပျိုးပူဇော်ခြင်း မင်္ဂလာအခမ်းအနားတို့ကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ပူဇော်သည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂

## ယနေ့ ဖတ်စရာ

**ကဆုန်လပြည့် ဗုဒ္ဓနေ့ အထိမ်းအမှတ် စာတမ်းဖတ်ပွဲ ကျင်းပ** စာမျက်နှာ » ၁၀



**ကဆုန်လပြည့် ဗုဒ္ဓနေ့ အထိမ်းအမှတ် ဆီမီးတိုင်များ ကိုင်ဆောင်၍ လှည့်လည်ပူဇော်ပွဲ ကျင်းပ** စာမျက်နှာ » ၁၁

**မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် အလှူရှင်များက ကြီးမှူးကျင်းပသည့် သံဃာတော် ၁၀၂၆၈ ပါးအား ဆွမ်းလောင်းလှူဒါန်းပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပ** စာမျက်နှာ » ၁၅

ကြေးမုံ

# မျိုးရိုးဗီဇပြောင်းရောဂါပိုး အချိန်နှင့်တစ်ပြေးညီသတိမူ

ကျန်းမာရေးဝန်ကြီးဌာနသည် “ကိုဗစ်–၁၉ ရောဂါ မျိုးရိုးဗီဇပြောင်းရောဂါပိုး စောင့်ကြည့်ရေးလုပ်ငန်းများ” စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည်။ ပြည်ပနိုင်ငံများမှ မြန်မာနိုင်ငံသို့ ဝင်ရောက်လာသူများနှင့် ပြည်တွင်း၌ ကူးစက်ဖြစ်ပွားသော ဓာတ်ခွဲအတည်ပြုလူနာများထံမှ ဓာတ်ခွဲနမူနာများယူ၍ စစ်ဆေးလျက်ရှိပြီး အိုမီခရွန်အပါအဝင် ကိုဗစ်–၁၉ မျိုးရိုးဗီဇပြောင်းရောဂါပိုး တွေ့ရှိမှုများကို အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ပေးလျက်ရှိသည်ကို သတိမူ၍ ဆောင်ရွက်ကြရမည်ဖြစ်သည်။

ကိုဗစ်–၁၉ ရောဂါပိုးတွေ့ရှိသူများ၏ ဓာတ်ခွဲနမူနာများအနက် ကိုဗစ်–၁၉ မျိုးရိုးဗီဇပြောင်း ရောဂါပိုးတွေ့ရှိနိုင်သည့် သံသယဖြစ်ဖွယ်ဓာတ်ခွဲနမူနာ ၂၂ ခုအား မျိုးရိုးဗီဇစစ်ဆေးခြင်းကို အဆင့်ဆင့်ဆောင်ရွက်ခဲ့ရာ ဧပြီလ ၂၉ ရက်နေ့တွင် အိုမီခရွန်မျိုးရိုးဗီဇပြောင်းရောဂါပိုး XBB.1.9.1 ကို ဓာတ်ခွဲနမူနာ ရှစ်ခုတွင်လည်းကောင်း၊ XBB.1.16 ကို ဓာတ်ခွဲနမူနာ ရှစ်ခုတွင်လည်းကောင်း၊ XBB.2.3 ကို ဓာတ်ခွဲနမူနာ နှစ်ခုတွင်လည်းကောင်း၊ XBB.1.9.2 ကို ဓာတ်ခွဲနမူနာတစ်ခုတွင်လည်းကောင်း၊ XBB.1.5 ကို ဓာတ်ခွဲနမူနာ တစ်ခုတွင်လည်းကောင်း၊ XBB.1 ကို ဓာတ်ခွဲနမူနာ တစ်ခုတွင်လည်းကောင်း၊ BA.2.75 ကို ဓာတ်ခွဲနမူနာ တစ်ခုတွင်လည်းကောင်း အသီးသီးတွေ့ရှိခဲ့သည်။ အဆိုပါ လူနာများအား စနစ်တကျကုသပေးလျက်ရှိပြီး ကျန်းမာရေးကောင်းမွန်လျက်ရှိသည်။

ကိုဗစ်–၁၉ ရောဂါပိုးသည် ကမ္ဘာတစ်ခွင်၌ ဆိုးရွားပြင်းထန်စွာ ကူးစက်ပျံ့နှံ့ပြီးနောက် ယခုအခါကူးစက်မြန်ဗီဇပြောင်းပိုးအသွင်ဖြင့် ကမ္ဘာပေါ်တွင် ဆက်လက်ရပ်တည်နေသည်။ အိုမီခရွန် မျိုးရိုးဗီဇပြောင်း အာတူးရပ်စ် XBB.1.16 မျိုးကွဲတစ်မျိုး ရောဂါပိုးကူးစက်ဖြစ်ပွားမှုကို ၂၀၂၃ ခုနှစ် ဇန်နဝါရီလ၌ အိန္ဒိယနိုင်ငံတွင် စတင်တွေ့ရှိခဲ့ပြီး မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများဖြစ်သော ထိုင်းနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံပေါင်း ၃၇ နိုင်ငံတွင် ကူးစက်လျက်ရှိကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် ယခုတွေ့ရှိလာသော XBB.1.16 ရောဂါပိုး ရှစ်ဦးအနက် တစ်ဦးမှာ ပြည်ပမှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသူဖြစ်ပြီး ကျန်ခုနစ်ဦးမှာ ပြည်တွင်းကူးစက်မှုများမှ တွေ့ရှိရခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် တွေ့ရှိလာသော XBB.1၊ XBB.1.5၊ XBB.1.9.1၊ XBB.1.9.2၊ XBB.2.3 နှင့် BA.2.75 တို့သည် ကမ္ဘာ့နိုင်ငံများတွင် ယခင်ကတည်းက ကူးစက်ဖြစ်ပွားလျက်ရှိသော မျိုးရိုးဗီဇပြောင်းရောဂါပိုးများဖြစ်သည်။

အိမ်နီးချင်းနိုင်ငံများတွင် ဖြစ်ပွားနေသော အိုမီခရွန်မျိုးကွဲ အာတူးရပ်စ် XBB.1.16 ကူးစက်မှုကို စောင့်ကြည့်လေ့လာပြီးနောက် ၎င်းရောဂါပိုးမျိုးကွဲများသည် မြန်မာနိုင်ငံ၌ သင်္ကြန်ကာလနောက်ပိုင်းတွင် ကူးစက်မှုပိုမိုဖြစ်ပေါ်လာသည်ကို တွေ့ရသည်။ ဧပြီလတစ်လအတွင်း ဧပြီလ ၂၉ ရက်နေ့တွင် ရောဂါပိုးတွေ့ရှိသူ ၁၃၀၊ ကူးစက်မှုနှုန်း ၁ ဒသမ ၁၄ ရာခိုင်နှုန်းအထိ အမြင့်မားဆုံး ကူးစက်ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရသည်။ ကျန်ရက်များ၌ ကူးစက်မှုနှုန်းသည် တစ်ရာခိုင်နှုန်းအောက်တွင်သာ ရှိသည်ကိုတွေ့ရသည်။ ကူးစက်ခံရသူများအနက် ရန်ကုန်တိုင်းဒေသကြီးတွင် နှစ်ဦးသေဆုံးခဲ့ပြီး ဧပြီလ ၁ ရက်နေ့မှ မေလ ၁ ရက်နေ့အထိ အိုမီခရွန်ဗီဇပြောင်း မျိုးကွဲအသစ် ကူးစက်ခံရသူ ၉၀၃ ဦးခန့် ကူးစက်ခံခဲ့ရသည်။ အိုမီခရွန်ဗီဇပြောင်း မျိုးကွဲသစ် အာတူးရပ်စ်သည် ယခင်ဖြစ်ပေါ်ခဲ့သော ကိုဗစ်မျိုးကွဲများကဲ့သို့ ရောဂါပြင်းထန်မှုမရှိသဖြင့် စိုးရိမ်ဖွယ်ရာမရှိပေ။

သို့သော် ယခုဖြစ်ပွားနေသော အိုမီခရွန်ဗီဇပြောင်းမျိုးကွဲသစ်များနှင့် ပတ်သက်၍ ရောဂါပြင်းထန်မှုမရှိသဖြင့် စိုးရိမ်ဖွယ်ရာမရှိသော်လည်း ရောဂါပိုးတွေ့ရှိသူအများစုတွင် မျက်စိနာခြင်း၊ နားကိုက်ခြင်း စသည့်ထူးခြားချက်များရှိနေသဖြင့် မပေ့ါဆဘဲ အထူးသတိပြုရမည်ဖြစ်သည်။ ဖြစ်ပေါ်နေသည့် ကိုဗစ်–၁၉ ရောဂါ မျိုးကွဲသစ်များကူးစက်မှုတွင် ယခင်က သေဆုံးသူမရှိခဲ့သော်လည်း အသက်အရွယ်ကြီးသူနှင့်ရောဂါအခံရှိသူနှစ်ဦး သေဆုံးခဲ့ရသည့်ဖြစ်စဉ်ကိုလည်း သတိပြုရမည်ဖြစ်သည်။ ယခုအခါ ရောဂါကူးစက်ဖြစ်ပွားမှုများမှာ သိသိသာသာလျော့ကျလာခြင်းမရှိဘဲ စစ်ဆေးတွေ့ရှိချက်အရ ရောဂါကူးစက်ဖြစ်ပွားနှုန်း တစ်ရာခိုင်နှုန်းဝန်းကျင်တွင် ဖြစ်ပေါ်နေသဖြင့် မိမိတို့ပတ်ဝန်းကျင်တွင် ကိုဗစ်–၁၉ ရောဂါ ကူးစက်ဖြစ်ပွားနေမှုများ ပိုမိုများပြားနေမည်ဟု ခန့်မှန်းနိုင်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါမျိုးကွဲသစ်ဖြစ်ပွားမှုနှင့် ပတ်သက်၍ စိုးရိမ်ဖွယ်ရာမရှိသော်လည်း ရောဂါကူးစက်ဖြစ်ပွားမှုများ လျော့ကျလာရန်အတွက် အသုံးပြုနေကျ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးများကို မှန်မှန်ကန်ကန် ဆက်လက်ထိုးနှံသွားရန်နှင့် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်လုပ်ဆောင်သွားရမည်ဖြစ်ပြီး ပြည်သူလူထုအနေဖြင့် ကျန်းမာစွာနေထိုင်ခြင်းသည်သာ အကောင်းဆုံးဖြစ်၍ ရောဂါကာကွယ်ရေးလုပ်ငန်းစဉ်များကို ပြစ်ပယ်မထားဘဲ အလေးထားဆက်လက်လိုက်နာဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ပါကြောင်း။ ။

## ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် ၃၁ /၂၀၂၃**
**၁၃၈၅ ခုနှစ်၊ ကဆုန်လဆန်း ၁၅ ရက်**
**( ၂၀၂၃ ခုနှစ်၊ မေလ ၃ ရက် )**

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် ကျရောက်သည့် ကဆုန်လပြည့်ဗုဒ္ဓနေ့ အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း အကျဉ်းထောင်/အချုပ်ထောင်/စခန်း အသီးသီးတွင် ရာဇသတ်ကြီးပုဒ်မ ၅၀၅–က အရ ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား/သူ ၂၁၅၃ ဦးတို့ကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁) အရ “ နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည် ” ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် ၃၂ /၂၀၂၃**
**၁၃၈၅ ခုနှစ်၊ ကဆုန်လဆန်း ၁၅ ရက်**
**( ၂၀၂၃ ခုနှစ်၊ မေလ ၃ ရက် )**

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် ကျရောက်သည့် ကဆုန်လပြည့်ဗုဒ္ဓနေ့ အထိမ်းအမှတ်အားဖြင့် အကျဉ်းထောင်အသီးသီးတွင် သေဒဏ်ချမှတ်ခြင်းခံထားရသော အကျဉ်းသား/သူ (၃၈) ဦးကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၄၊ ပုဒ်မခွဲ (က) အရ ချမှတ်ထားသည့် သေဒဏ်ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပြု၍ ထောင်ဒဏ်တစ်သက်သို့ ပြောင်းလဲကျခံစေလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်သတင်းရယူနိုင်ရေး အသိပေးကြေညာခြင်း

၁။ ၂၀၁၉ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၂ ခုနှစ်များအတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ၂၀၂၃ ခုနှစ် မေလ ၆ ရက်နေ့တွင် နေပြည်တော်၊ မြို့တော်ခန်းမအနီးရှိ လဟာပြင်ကဇာတ်ရုံ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ အဆိုပါအခမ်းအနားသို့ တက်ရောက်သတင်းရယူလိုသော လုပ်ငန်းအသိအမှတ်ပြု လက်မှတ်ရယူထားသည့် မီဒီယာများအနေဖြင့် သတင်းမီဒီယာဌာနတစ်ခုလျှင် သတင်းမီဒီယာသမား(၂)ဦးနှုန်းဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲ (နေပြည်တော်)၊ ၀၆၇–၃၄၁၂၁၄၃၊ iprd.crd.npt@gmail.com၊ (ရန်ကုန်)၀၁–၅၄၄၅၈၂၊ ၀၁–၅၄၄၅၈၃၊ iprd.crd.ygn@gmail.com သို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | – ဦးစိုးစိုးနိုင် | **အကြီးတန်း သတင်းထောက်များ** | – ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| **စာတည်းမှူး** | – ဦးဝင်းနိုင် | **အငယ်တန်း သတင်းထောက်များ** | – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | – ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **သုတေသန** | – ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန် စာတည်းများ** | – ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာပြင်** | – ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့ |
| | | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | – ဦးခိုင်ဝင်းနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | – ဦးစည်သူလွင်နှင့်အဖွဲ့ |


ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် – စာတည်းမှူး ၀၆၇–၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇–၃၆၁၂၈၊ ၀၆၇–၃၆၁၃၀၊ ဖက်စ် ၀၆၇–၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁–၂၉၂၈၃၂
မန်နေဂျာ – ၀၁–၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁–၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁–၂၉၂၈၃၀၊ ကြော်ငြာ ၀၁–၃၉၇၃၃၀၊ ဖက်စ် ၀၁–၂၀၃၃၅၁

ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အမှူးပြုသည့် ဧည့်ပရိသတ်များက မုစလိန္ဒ နဂါးရုံဘုရားကျောင်းဆောင်တော်သို့ ဗုဒ္ဓရုပ်ပွားတော်ပင့်ဆောင်ပူဇော်ခြင်းအခမ်းအနားကို "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားရှိခိုး၍ ဖွင့်လှစ်စဉ်။





❂ ရှေ့ဖုံးမှ

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စု ဝန်ကြီးများဖြစ်ကြသည့် ဦးကိုကိုနှင့် ဦးမျိုးသန့်၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ဝတ်အသင်းအဖွဲ့များ တက်ရောက်ပူဇော်ကြသည်။

ဦးစွာ မုစလိန္ဒ နဂါးရုံဘုရားကျောင်းဆောင်တော်သို့ ဗုဒ္ဓရုပ်ပွားတော် ပင့်ဆောင်ပူဇော်ခြင်း အခမ်းအနားကို "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားရှိခိုး၍ ဖွင့်လှစ်သည်။

**ရွတ်ဆိုပူဇော်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမှူးပြုသည့် ဧည့်ပရိသတ်များက ရတနတ္တယပူဇာ ဂါထာတော်နှင့် သဗ္ဗသင်္ဂါဟက မေတ္တာပို့လက်ာနှစ်ပိုဒ်ကို သံပြိုင်ညီညာ သုံးကြိမ် ရွတ်ဆိုပူဇော်ကြသည်။

ထို့နောက် အခမ်းအနားမှူးက မင်္ဂလာအခါတော် စာတမ်းကို ဖတ်ကြားပြီး မင်္ဂလာအချိန်တွင် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဗုဒ္ဓရုပ်ပွားတော်မြတ်အား မုစလိန္ဒ နဂါးရုံဘုရားကျောင်းဆောင်သို့ မင်္ဂလာစက်ခလုတ်နှိပ်၍ ပင့်ဆောင်သည်။

စာမျက်နှာ ၄ သို့ ❂



ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မုစလိန္ဒ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပရိတ်နံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မုစလိန္ဒ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပရိတ်နံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်စဉ်။



ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး မုစလိန္ဒ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပရိတ်နံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်စဉ်။

❂ စာမျက်နှာ ၃ မှ

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက် လာကြသူများက မုစလိန္ဒ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပရိတ်နံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ကြပြီး "ဇယန္တော ဗောဓိယာမူလေ" အစရှိ အောင်ဂါထာတော်များကို ရွတ်ဆိုပူဇော်၍ အခမ်းအနားမှူးက အောင်ဆုမင်္ဂလာ အမျှဝေစာတမ်းလွှာကို ဖတ်ကြားကာ မေတ္တာပို့ အမျှပေးဝေကြသည်။



ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မဟာဗောဓိပင်တော်ကို စိုက်ပျိုး၍ မြေဆီ မြေလွှာ မြေဩဇာများ ကျွေးမွေးကာ ရေစင်ရေသန့်များ သွန်းလောင်းစဉ်။

### အာဟာရဒါနပြု

ယင်းနောက် "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" သုံးကြိမ် ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ ထို့နောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် မုစလိန္ဒ ကန်တော်အတွင်းရှိ ငါးများကို အစာများကျွေး၍ အာဟာရဒါနပြုကြသည်။

အဆိုပါ မုစလိန္ဒနဂါးရုံဘုရား တည်ထား ကိုးကွယ်မှုနှင့် ပတ်သက်၍ မြတ်စွာဘုရားသည် ခြောက်ခုမြောက် သတ္တာဟအဖြစ် မုစလိန္ဒခေါ် ကျည်းပင်သို့ ကြွရောက် သီတင်းသုံးခဲ့ကြောင်း၊ အဆိုပါသီတင်းပတ်တွင် ခုနစ်ရက် ခုနစ်လီအခါမဲ့ မိုးကြီးပြင်းထန်စွာ ရွာသွန်းလာခဲ့ကြောင်း၊ မုစလိန္ဒ နဂါးမင်းသည် မြတ်စွာဘုရားအား မိုးရေမိုးပေါက်များ မထိမှန်စေရန် ကိုယ်တိုင်ကိုယ်ကျ ကောင်းမှုပြုလုပ်လိုသဖြင့် ခန္ဓာကိုယ်ကို ကြီးစွာဖန်ဆင်းလျက် မြတ်စွာဘုရား၏ ခန္ဓာကိုယ်တော်အား ခုနစ်ပတ် ပတ်ခွေပြီး အထက်မှ ပါးပျဉ်းဖြင့် ထိထိစပ်စပ်မိုးကာကာကွယ်ပေးခြင်း ပြုလုပ်ခဲ့ကြောင်း၊ ယခု မာရဝိဇယဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်အတွင်း၌ မုစလိန္ဒနဂါးရုံဘုရားတည်ထားရာတွင် ဆရာတော်၊ သံဃာတော်ကြီးများ၏ ဩဝါဒခံယူလျက် ဝိနည်းမဟာဝါ ပါဠိတော်၊ ဝိနည်းမဟာဝါ အဋ္ဌကထာ၊ သာရတ္ထဒီပနီဋီကာ၊ မူလပဏ္ဏာသအဋ္ဌကထာ၊ ဥဒါန်းပါဠိတော်၊ ဇာတကအဋ္ဌကထာစသည့် ပိဋကတ်တော်လာ အဆိုများနှင့် မဟာဗုဒ္ဓဝင် ကျမ်းဂန်တော်နှင့်အညီ ပြည့်စုံစွာ တည်ထားကိုးကွယ်ထားခြင်း ဖြစ်ကြောင်း သိရသည်။

ဆက်လက်ပြီး ကဆုန်လပြည့် ဗုဒ္ဓနေ့ကုသိုလ်တော်အဖြစ် မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်အတွင်း မဟာဗောဓိပင်တော် စိုက်ပျိုးပူဇော်ခြင်း မင်္ဂလာအခမ်းအနားကို ကျင်းပပြုလုပ်ရာ ဦးစွာ "နမော တဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး အမှူးပြုသည့် ဧည့်ပရိသတ်များက ရတနတ္တယပူဇာ ဂါထာတော်နှင့် သမ္ဗုဒ္ဓေ ဂါထာ ... 



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မဟာဗောဓိပင်တော်အား ရေစင်ရေသန့်များ သွန်းလောင်းစဉ်။



ကဆုန်လပြည့်ဗုဒ္ဓနေ့ ကုသိုလ်တော်အဖြစ် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း မဟာဗောဓိပင်တော် စိုက်ပျိုးပူဇော်ထားရှိမှုကို တွေ့ရစဉ်။

ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မဟာဗောဓိပင်တော် စိုက်ပျိုးပူဇော်မည့်နေရာတွင် ကျောက်မျက်ရတနာများကို ထည့်သွင်းပူဇော်သည်။

ဆက်လက်၍ မင်္ဂလာအချိန်တွင် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မဟာဗောဓိပင်တော်ကို စိုက်ပျိုး၍ မြေဆီ မြေလွှာ မြေဩဇာများ ကျွေးမွေးကာ ရေစင်ရေသန့်များ သွန်းလောင်းပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ကာ ဇယမင်္ဂလာများ ဆောင်ရွက်ကြသည်။

ယင်းနောက် အောင်ဆုမင်္ဂလာ အမျှဝေစာတမ်းလွှာကို ဖတ်ကြား၍ မေတ္တာပို့ အမျှပေးဝေပြီး "ဗုဒ္ဓသာသနံ စိရတိဋ္ဌတု" သုံးကြိမ် ရွတ်ဆိုဆုတောင်းကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် မဟာဗောဓိ ပင်တော်အား လက်ယာရစ်လှည့်လည်ပူဇော်၍ မဟာဗောဓိပင်တော် စိုက်ပျိုးအောင်မြင်ခြင်း အထိမ်းအမှတ် ရတနာရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးခဲ့ကြောင်း သိရသည်။

**၈၃ ဒသမ ၃ ရာခိုင်နှုန်းခန့်ပြီးစီး**

အဆိုပါ မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်အတွင်း "မာရဝိဇယ" ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို **မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာ ကိုးကွယ်မှု၏ ဗဟိုချက်ဖြစ်စေရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန်** စသည့် ရည်ရွယ်ချက် လေးရပ်ဖြင့် တည်ထားကိုးကွယ်ရန် လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအခါ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ထုဆစ်မှုမှာ ၉၅ ရာခိုင်နှုန်းခန့်ပြီးစီးပြီဖြစ်ကြောင်းနှင့် မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်အတွင်း သာသနိကအဆောက်အအုံများစွာကိုလည်း ထည့်သွင်းတည်ဆောက်လျက်ရှိပြီး ယခုအခါ သာသနိကအဆောက်အအုံများနှင့် ဗုဒ္ဓဥယျာဉ်တည်ဆောက်မှုမှာ ၈၃ ဒသမ ၃ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီးဒေါ်ကြူကြူလှ၊ ကောင်စီဝင်များနှင့်ဇနီးများ ကဆုန်ညောင်ရေ သွန်းလောင်းပူဇော်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှတို့ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပရိဝုဏ်တော်အတွင်းရှိ မဟာဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းပူဇော်စဉ်။

**နေပြည်တော် မေ ၃**

ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့၏ ၁၂ လရာသီပွဲတော်တွင် တစ်ခုအပါအဝင်ဖြစ်သည့် မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် ကဆုန်လပြည့်ဗုဒ္ဓနေ့ဖြစ်သော ယနေ့ကျရောက်သည့် ကဆုန်ညောင်ရေသွန်းပွဲတော်တွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပရိဝုဏ်တော် မြောက်ဘက်အရပ်ရှိ မဟာဗောဓိညောင်ပင်တော်များအား (၁၅)ကြိမ်မြောက်ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ခြင်း မင်္ဂလာအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ တို့က မဟာဗောဓိညောင်ပင်တော်များကို ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီးဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ဇနီး၊ ကောင်စီအဖွဲ့ဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ဝတ်အသင်းအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ ကောင်စီအဖွဲ့ဝင်များနှင့် ဇနီးများ၊ အခမ်းအနားတက်ရောက်လာကြသူများသည် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပရိဝုဏ်တော်အတွင်းရှိ မဟာဗောဓိညောင်ပင်များအား ညောင်ရေသွန်းလောင်းပူဇော်ရန် နေရာယူကြရာ အခမ်းအနားမှူးက မဟာဗောဓိရုက္ခသိဒ္ဓနပူဇာ ဂါထာတော်ကို ရွတ်ဖတ်ပူဇော်၍ သာဓုသုံးကြိမ်ခေါ်ဆိုပြီး သတ်မှတ်ထားသည့် နေရာများအလိုက် မဟာဗောဓိညောင်ပင်တော်များအား ညောင်ရေသွန်းလောင်းပူဇော်၍ အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ကြကာ မဟာဗောဓိညောင်ပင်များအား လက်ယာရစ် လှည့်လည်ပူဇော်ကြသည်။

ထို့ပြင် ဇေယျာသီရိမြို့နယ်လောကချမ်းသာဆုတောင်းပြည့် အသင်းဘုရားကြီးရှိ မဟာဗောဓိညောင်ပင်များကိုလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ အမှူးပြု၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီးဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ)မှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အရာရှိ၊ အရာခံ၊ အကြပ်စစ်သည်မိသားစုများက ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်ခဲ့ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီးဒေါ်သန်းသန်းနွယ်တို့ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပရိဝုဏ်တော်အတွင်းရှိ မဟာဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းပူဇော်စဉ်။

**အထွတ်အမြတ်ထား**

အဆိုပါကဆုန်လပြည့်နေ့သည် ဒီပင်္ကရာမြတ်စွာဘုရားက ဂေါတမဘုရား အလောင်းတော် သုမေဓာရှင်ရသေ့အား **“ဘဒ္ဒကမ္ဘာတွင် ဘုရားအဖြစ်ကို ရလိမ့်မည်”** ဟု ဗျာဒိတ်တော်စကား မိန့်ကြားတော်မူသောနေ့၊ ဘုရားအလောင်းတော်သိဒ္ဓတ္ထမင်းသား ဖွားမြင်သောနေ့၊ သဗ္ဗညုဘုရားရှင်အဖြစ်သို့ ရောက်တော်မူသောနေ့၊ ပရိနိဗ္ဗာန် စံတော်မူသောနေ့ ယင်းနေ့များသည် ကဆုန်လပြည့်နေ့များတွင်ပင် ဖြစ်သဖြင့် **“ဗျာဒိတ် ဖွားမြင် ဗောဓိပင်၊ စံဝင်နိဗ္ဗာန်နန်း”**ဟု မှတ်တမ်းပြုကြပြီး **ကဆုန်လပြည့်ဗုဒ္ဓနေ့**ဟူ၍ ဗုဒ္ဓဘာသာဝင်များက နေ့ထူးနေ့မြတ်အဖြစ် အထွတ်အမြတ်ထား၍ ကျင်းပ ပူဇော်လေ့ရှိကြောင်း၊ ကဆုန်လပြည့်နေ့၏ ထူးခြားချက်မှာ ဂေါတမမြတ်စွာဘုရားသာလျှင်မကဘဲ သဗ္ဗညုမြတ်စွာဘုရားရှင်တို့၏ ဖွားမြင်တော်မူသောနေ့၊ ဘုရားဖြစ်တော်မူသောနေ့၊ ပရိနိဗ္ဗာန်ပြုသော နေ့များမှာလည်း ကဆုန်လပြည့်နေ့ပင်ဖြစ်၍ ကဆုန်လပြည့်နေ့ကို **“ဗုဒ္ဓနေ့”**ဟု သတ်မှတ်ခြင်း ဖြစ်ကြောင်း၊ ကဆုန် ညောင်ရေသွန်းပွဲတော်သည် ကုသိုလ်ယူဖွယ်ရာ၊ ဝမ်းသာကြည်နူးဖွယ်ရာ ဘာသာရေးဆိုင်ရာ ပွဲတော်တစ်ခုဖြစ်သည့်အပြင် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်တစ်ရပ်အဖြစ်ကျင်းပပြုလုပ်သည့် ပွဲတော်ဖြစ်ကြောင်းနှင့် ကဆုန်လပြည့်နေ့မတိုင်မီ တစ်ရက်အလိုတွင် ညောင်ရေသွန်းလောင်းကြမည့် ညောင်ပင်များကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခြင်း၊ မဟာဗောဓိပင် ပလ္လင်တော်အား ကြည်ညိုစဖွယ်ဖြစ်အောင် ပြင်ဆင်ခြင်း စသည့်ကုသိုလ်ယူဖွယ်များကို ပြုလုပ်လေ့ရှိကြကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှအမှူးပြုသော ဧည့်ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မြို့ မင်းကျောင်းဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြစဉ်။

# ၂၀၂၃ ခုနှစ် ကဆုန်လပြည့်ဗုဒ္ဓနေ့အထိမ်းအမှတ် ကုသိုလ်တော်အဖြစ် ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ကြည်ညို

**နေပြည်တော် မေ ၃**

၂၀၂၃ ခုနှစ် ကဆုန်လပြည့် ဗုဒ္ဓနေ့ အထိမ်းအမှတ် ကုသိုလ်တော်အဖြစ် ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများနှင့်နေ့ဆွမ်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပရိဝုဏ်တော်အတွင်းရှိ သာသနဗိမာန်တော်ကြီး၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ကြည်ညို၍ ဆရာတော်ကြီးများကို နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

### တက်ရောက်ကြည်ညို

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မြို့ မင်းကျောင်းပဌမပြန် စာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တ စန္ဒိမာဘိဝံသ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မြင်းခြံမြို့ ကိုးဆောင်တိုက် သီရိမာလာကျောင်း ကိုးဆောင်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တဇောတိပါလ၊ နိုင်ငံတော်ဩဝါဒါစရိယ သောဌသမ ရွှေကျင်သာသနာပိုင်ဆရာတော် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တ ဉာဏိဿရတို့ အမှူးပြုသော ဆရာတော်၊ သံဃာတော်များကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

### ကပ်လှူပူဇော်

အခမ်းအနားမစတင်မီ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သာသနဗိမာန်တော်ကြီး အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်းမန်၊ သောက်တော်ရေချမ်းနှင့် ဆီမီးတို့ ကပ်လှူပူဇော်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မြို့ မင်းကျောင်းဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

ထို့နောက် အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်၍ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး အမှူးပြုသော ဧည့်ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မြို့ မင်းကျောင်းဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော် အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

### ဆက်ကပ်လှူဒါန်း

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မြို့ မင်းကျောင်းဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

စာမျက်နှာ ၇ သို့ ❐



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်တို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မြင်းခြံမြို့ သီရိမာလာကျောင်း ကိုးဆောင်ကျောင်းတိုက်ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီးတို့ ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

❒ စာမျက်နှာ ၆ မှ

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီးတို့က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မြင်းခြံမြို့ သီရိမာလာကျောင်း ကိုးဆောင်ကျောင်းတိုက် ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပရိဝုဏ်တော်အတွင်း သာသနာ့ဗိမာန်တော်ကြီးရှိဗုဒ္ဓရုပ်ပွားတော်မြတ်အား မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်းမန်၊ သောက်တော်ရေချမ်းနှင့် ဆီမီးတို့ ကပ်လှူပူဇော်စဉ်။

**ဆက်ကပ်လှူဒါန်း**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများက ဆရာတော် သံဃာတော်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မြင်းခြံဆရာတော်ထံမှ အနုမောဒနာတရား နာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြပြီး "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က ဆရာတော်၊ သံဃာတော်များကို နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က ဆရာတော်၊ သံဃာတော်များကို နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ဇနီးတို့က ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် ဇနီးတို့က ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင် ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမောင်ကို ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာကျော်ထွန်း ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှအမှူးပြုသော ဧည့်ပရိသတ်များ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မြင်းခြံမြို့ ကိုးဆောင်တိုက် သီရိမာလာကျောင်း ကိုးဆောင်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇောတိပါလထံမှ ငါးပါးသီလခံယူဆောက်တည်ကြစဉ်။





နိုင်ငံတော်ဩဝါဒါစရိယ သောဋ္ဌသမ ရွှေကျင်သာသနာပိုင်ဆရာတော် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရက ကဆုန်လပြည့်ဗုဒ္ဓနေ့ဆိုင်ရာ ဓမ္မကထာဒေသနာတော်ကို ဟောကြားတော်မူစဉ်။

# ၂၀၂၃ ခုနှစ် ကဆုန်လပြည့် ဗုဒ္ဓနေ့ဓမ္မသဘင် မင်္ဂလာအခမ်းအနားကျင်းပ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ကြည်ညို

**နေပြည်တော် မေ ၃**

၂၀၂၃ ခုနှစ် ကဆုန်လပြည့် ဗုဒ္ဓနေ့ဓမ္မသဘင် မင်္ဂလာအခမ်းအနားကို ယနေ့ညပိုင်းတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်းရှိ သာသနာ့မဟာ ဗိမာန်တော်ကြီး၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မြင်းခြံမြို့ ကိုးဆောင်တိုက် သီရိမာလာကျောင်း ကိုးဆောင်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇောတိပါလ၊ နိုင်ငံတော်ဩဝါဒါစရိယ သောဋ္ဌသမ ရွှေကျင်သာသနာပိုင်ဆရာတော် သီတဂူကမ္ဘာ့ ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရတို့ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် ဇနီးတို့နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ဝတ်အသင်းအဖွဲ့များ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်၍ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး အမှူးပြုသော ဧည့်ပရိသတ်များက မြင်းခြံဆရာတော်ကြီးထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြပြီး သီတဂူဆရာတော်ကြီး ဟောကြားတော်မူသည့် ကဆုန်လပြည့်ဗုဒ္ဓနေ့ဆိုင်ရာ ဓမ္မကထာဒေသနာတော်ကို ရိုသေလေးမြတ်စွာ နာယူကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ဓမ္မပူဇာ နဝကမ္မအလှူတော်ငွေကျပ် ၁၁၁၁ သိန်းကျော်ကို ပေးအပ်လှူဒါန်းရာ သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက ကပ္ပိယကာရကအဖြစ် လက်ခံရယူသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဓမ္မပူဇာ နဝကမ္မအလှူတော်ငွေကျပ် ၁၁၁၁ သိန်းကျော်ကို ပေးအပ်လှူဒါန်းစဉ်။

ထို့နောက် သီတဂူဆရာတော်ကြီးထံမှ အနုမောဒနာတရား နာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေ ကြပြီး “ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု” သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထဲရေးဝန်ကြီးဌာနမိသားစု ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ခြင်း မင်္ဂလာအခမ်းအနားကျင်းပ

နေပြည်တော် မေ ၃

ပြည်ထဲရေးဝန်ကြီးဌာနမိသားစု ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် တောင်းဆုရ "ဝ" စေတီတော်ပရိဝုဏ်အတွင်းရှိ မဟာဗောဓိညောင်ပင်၌ ကိုဗစ်-၁၉ ရောဂါ စည်းကမ်းချက်များနှင့်အညီ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်နှင့်ဇနီး၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီနှင့်ဇနီး၊ ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဗိုလ်ချုပ်ဇင်မင်းထက် နှင့်ဇနီး၊ အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦးနှင့်ဇနီး၊ တပ်ဖွဲ့/ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ အရာရှိကြီးများနှင့် ဇနီးများ၊ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်နှင့် ဇနီးတို့သည် တောင်းဆုရ"ဝ" စေတီတော် ညီတော်ဘုရား လိုဏ်ဂူတော်အတွင်းရှိ ရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီးတို့ ကပ်လှူပူဇော်ကြသည်။

ထို့နောက် အခမ်းအနားမှူးက ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ရန် ပန်ကြားသည့် မဟာဗောဓိရုက္ခသိဒ္ဓနပူဇာ ဂါထာတော်ကို ဖတ်ကြားပူဇော်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်နှင့်ဇနီးတို့ ဦးဆောင်သော အခမ်းအနားသို့တက်ရောက်လာသူများက သတ်မှတ်ထားသည့်နေရာတို့မှ အဖွဲ့လိုက် မဟာဗောဓိညောင်ပင်အား ကဆုန်ညောင်ရေသွန်းလောင်း၍ အမွှေးနံ့သာရည်များပက်ဖျန်းပူဇော်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သတင်းစဉ်



# နေပြည်တော် ဓာတုစယဓာတ်ပေါင်းစုစေတီတော်မြတ်ကြီးရှိ မဟာဗောဓိညောင်ပင်တော်အား (၁၃)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်




နေပြည်တော် မေ ၃

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ ဓာတုစယဓာတ်ပေါင်းစု စေတီတော်မြတ်ကြီးပရိဝုဏ်တော် အရှေ့ဘက်အရပ်ရှိ မဟာဗောဓိညောင်ပင်တော်အား (၁၃)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ခြင်း မင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၆ နာရီခွဲတွင် စေတီတော်မြတ်ကြီးပရိဝုဏ်အတွင်း၌ ကျင်းပရာ နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးတင်ဦးလွင်၏ဇနီး၊ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနကြီးမှူးများနှင့် ဇနီးများ၊ ဧည့်သည်တော်များ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ အခမ်းအနားမှူးက မဟာဗောဓိညောင်ပင်တော်အား ကဆုန်ညောင်ရေ သွန်းလောင်းပူဇော်ရန် ပန်ကြားသည့် မဟာဗောဓိရုက္ခသိဒ္ဓနပူဇာဂါထာတော်ကို ဖတ်ကြားပူဇော်သည်။

**ကဆုန်ညောင်ရေသွန်းလောင်းပူဇော်**

ထို့နောက် နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးတင်ဦးလွင်၏ဇနီး၊ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနကြီးမှူးများနှင့်ဇနီးများ၊ ဧည့်သည်တော်များက မဟာဗောဓိညောင်ပင်တော်အား ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ကြသည်။

ယင်းနောက် အခမ်းအနားမှူးက အောင်ဆုမင်္ဂလာအမျှဝေစာတမ်းအား ဖတ်ကြားအမျှပေးဝေပြီး အခမ်းအနားပြီးမြောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ရေကြောင်းနှင့် လေကြောင်းလူငယ်အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများမှ သင်တန်းသား သင်တန်းသူများအား သက်ဆိုင်ရာမြို့နယ်အသီးသီး၌ လေ့ကျင့်သင်ကြားပေးလျက်ရှိ၊ တန်ခိုးကြီးဘုရား၊ စေတီပုထိုးများသို့ သွားရောက်ဖူးမြော်



နေပြည်တော် မေ ၃

ကျောင်းသား ကျောင်းသူ မျိုးဆက်သစ် လူငယ်မောင်မယ်များကို နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အသိပညာများ ဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များအကျိုးရှိစေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ၊လေကြောင်းပညာကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ် လူငယ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ တပ်မတော်(ရေ)က ရေကြောင်းလူငယ် အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ တပ်မတော်(လေ)က အခြေခံလေကြောင်း လူငယ်သင်တန်း (အကြီးတန်းအဆင့်)နှင့် အခြေခံလေကြောင်း လူငယ်သင်တန်း (အငယ်တန်းအဆင့်)ဖွင့်ပွဲများကို ဧပြီ ၂၄ ရက်က သက်ဆိုင်ရာမြို့နယ်များရှိ သင်တန်းစခန်းများ၌ တစ်ပြိုင်တည်း စတင်ဖွင့်လှစ်ခဲ့ပြီး လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ထိုသို့လေ့ကျင့်သင်ကြားလျက်ရှိရာ ယနေ့တွင် တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၃ဝ၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၅ဝ၊ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၅ဝ၊ စစ်တွေမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၆၁ ဦးတို့ကို သက်ဆိုင်ရာ နယ်မြေအသီးသီးမှ တာဝန်ရှိသူ နည်းပြများက လေ့ကျင့်သင်ကြားပေးလျက် ရှိပြီး သက်ဆိုင်ရာ မြို့နယ်အသီးသီးရှိ တပ်မတော်(ရေ) ရေကြောင်းလူငယ်စခန်း ၁၁ ခု၌ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၇၁၂ ဦးတို့ကို လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ထို့ပြင် ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများမှ သင်တန်းသား သင်တန်းသူများသည် အခြားဗဟုသုတရဖွယ်နေရာများသို့လည်း သွားရောက်လေ့လာခဲ့ကြရာ သက်ဆိုင်ရာနေရာဒေသအလိုက် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသပေးကြသည်။

အလားတူ တပ်မတော်(လေ)က အခြေခံလေကြောင်း လူငယ်သင်တန်း (အကြီးတန်းအဆင့်)နှင့် အခြေခံလေကြောင်း လူငယ်သင်တန်း (အငယ်တန်းအဆင့်) သင်တန်းများကို သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ တပ်မတော်(လေ) လေကြောင်း လူငယ်စခန်း ၁၇ ခု၌ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၆၈ဝ ကို လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

အဆိုပါ အခြေခံလေကြောင်း လူငယ်သင်တန်း (အကြီးတန်းအဆင့်)နှင့် အခြေခံလေကြောင်း လူငယ်သင်တန်း (အငယ်တန်းအဆင့်)သင်တန်းများမှ သင်တန်းသား သင်တန်းသူများကို ဒေသန္တရဗဟုသုတများ တိုးပွားလာစေရန်ရည်ရွယ်၍ ယနေ့တွင် သက်ဆိုင်ရာသင်တန်းစခန်းများမှ သင်တန်းသား သင်တန်းသူများကို နည်းပြ/အုပ်ချုပ်သူများနှင့် တာဝန်ရှိသူများ ဦးစီး၍ ဒေသအလိုက် တန်ခိုးကြီးဘုရား၊ စေတီပုထိုးများသို့ သွားရောက်ဖူးမြော်ကြည်ညိုခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



# ကဆုန်လပြည့်ဗုဒ္ဓနေ့ အထိမ်းအမှတ် စာတမ်းဖတ်ပွဲကျင်းပ



**နေပြည်တော် မေ ၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ကြီးမှူးကျင်းပသည့် ကဆုန်လပြည့်ဗုဒ္ဓနေ့ အထိမ်းအမှတ် စာတမ်းဖတ်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်းရှိ သာသနာ့မဟာဗိမာန်တော်၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ စာတမ်းဖတ်ပွဲ သဘာပတိဆရာတော်ကြီးများ၊ စာတမ်းရှင် ဆရာတော်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဝန်ကြီးဌာနများမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်သည်။

အခမ်းအနားတွင် သဘာပတိ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်) ပါမောက္ခဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တကုမာရက အဖွင့်ဩဝါဒကထာ မိန့်ကြားချီးမြှင့်တော်မူသည်။

ထို့နောက် သီတဂူ အပြည်ပြည်ဆိုင်ရာဝိပဿနာ တက္ကသိုလ်(စစ်ကိုင်း)မှ ပါမောက္ခဆရာတော် ဒေါက်တာဘဒ္ဒန္တကုသလက **"ဒီပင်္ကရာ ဘုရားရှင်လက်ထက် သုမေဓာ ရှင်ရသေ့ဘဝတွင် ဗုဒ္ဓမြတ်စွာဘုရားအလောင်းတော် ဗျာဒိတ်ခံယူတော်မူခြင်း"** စာတမ်းနှင့် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(မန္တလေး)မှ ဌာနမှူး ဆရာတော် မဟာဂန္ထ ဝါစကပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တစန္ဒာဝရက **"သိဒ္ဓတ္ထမင်းသားဖွားတော်မူခိုက် စကြဝဠာတစ်ဝိုက် ထူးခြားမှုကြီးများကို လေ့လာခြင်း"** စာတမ်းတို့ကို ဖတ်ကြားတော်မူကြသည်။

ယင်းနောက် စာတမ်းဖတ်ပွဲသို့ တက်ရောက်လာကြသူများက စာတမ်းများနှင့်စပ်လျဉ်း၍ မေးခွန်းများ မေးမြန်းလျှောက်ထားကြရာ စာတမ်းရှင်ဆရာတော်များက ပြန်လည်ဖြေကြားသည်။

ဆက်လက်၍ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တကေသရက စာတမ်းများနှင့်စပ်လျဉ်း၍ ဩဝါဒကထာ မိန့်ကြားချီးမြှင့်တော်မူသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်မှ တွဲဖက်ပါမောက္ခဆရာတော် ဂန္ထဝါစကပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တ စန္ဒမုခက **"သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားအဖြစ်သို့ ပွင့်ထွန်းပေါ်ပေါက်တော်မူခြင်း"** စာတမ်းနှင့် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်)မှ ပါမောက္ခ/ဌာနမှူး ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တထေရိန္ဒက **"ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန် စံလွန်တော်မူခြင်း"** စာတမ်းတို့ကို ဖတ်ကြားတော်မူကြသည်။

ယင်းနောက် စာတမ်းဖတ်ပွဲသို့ တက်ရောက်လာကြသူများက စာတမ်းများနှင့်စပ်လျဉ်း၍ မေးခွန်းများ မေးမြန်းလျှောက်ထားကြရာ စာတမ်းရှင်ဆရာတော်များက ပြန်လည်ဖြေကြားသည်။

ဆက်လက်၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက သဘာပတိဆရာတော်ကြီးများနှင့် စာတမ်းရှင်ဆရာတော်များအား စာတမ်းဖတ်ပွဲအခမ်းအနား ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် သဘာပတိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မကထိက ဗဟုဇန ဟိတဓရ ဒေါက်တာ ဘဒ္ဒန္တဆေကိန္ဒက နိဂုံးချုပ် ဩဝါဒကထာ မိန့်ကြားချီးမြှင့်တော်မူပြီး အခမ်းအနားကို "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

# ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ဗုဒ္ဓါဘိသေကအနေကဇာတင်လှူပွဲ၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် ကဆုန်ညောင်ရေသွန်းပွဲ အခမ်းအနားများ ကျင်းပ



**ပုသိမ် မေ ၃**

၁၃၈၅ ခုနှစ် ကဆုန်လပြည့် (ဗုဒ္ဓနေ့)ကို ရည်မှတ်၍ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ဗုဒ္ဓါဘိသေကအနေကဇာ တင်လှူပွဲနှင့် ရေစက်ချအလှူတော် မင်္ဂလာအခမ်းအနားကို ပုသိမ်မြို့၏ ကျက်သရေဆောင်ရှေးဟောင်း သမိုင်းဝင် ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ပေါ်ရှိ ဦးမောင်ကြီးအာရုံခံတန်ဆောင်း အတွင်း၌ ယနေ့နံနက်ပိုင်းတွင်ကျင်းပခဲ့ရာ ဩဝါဒါစရိယဆရာတော်ကြီးများ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်ဇနီး၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဇနီးများ၊ ဌာနဆိုင်ရာများ တက်ရောက်ကြသည်။

ယင်းနောက် ရွှေမုဋ္ဌောစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ပေါ်၌ ကဆုန်လပြည့်နေ့ (ဗုဒ္ဓနေ့)တွင် မြတ်စွာဘုရားအပါအဝင် သံဃာတော် ၂၀၅၂ ပါး၊ သီလရှင် ၂၅၉ ပါး စုစုပေါင်း ၂၃၁၁ ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲ မင်္ဂလာအခမ်းအနားကို ပြုလုပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူ ပူဇော်ကြသည်။ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ပုသိမ်မြို့အပါအဝင် တိုင်းဒေသကြီးအတွင်းရှိ ခရိုင် ရှစ်ခရိုင်နှင့် မြို့နယ်၊ မြို့များ၌ ကျင်းပရာ သံဃာတော်နှင့် သီလရှင် စုစုပေါင်း ၁၃၄၆၇ ပါးအား လောင်းလှူနိုင်ခဲ့ကြောင်း သိရသည်။

**သွန်းလောင်းပူဇော်ပွဲ**

ဆက်လက်၍ ညနေပိုင်းတွင် ပုသိမ်မြို့ ရွှေမုဋ္ဌောစေတီတော်မြတ်ကြီး၏ အရှေ့တောင်ဘက် အဂ္ဂိထောင့်ရှိ မဟာဗောဓိပင်တော် အမှတ်(၁)၊ မဟာဗောဓိပင်တော် အမှတ်(၂)တို့အား ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားကိုကျင်းပရာ ဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းမှူးနှင့်ဇနီး၊ ဒုတိယတိုင်းမှူးနှင့်ဇနီး၊ အစိုးရအဖွဲ့ဝင်များနှင့် တရားသူကြီးချုပ်တို့က မဟာဗောဓိညောင်ပင်တော်အား လက်ယာရစ်ပူဇော်၍ သတ်မှတ်နေရာများတွင် နေရာယူကြပြီး ဝန်ကြီးချုပ်နှင့်ဇနီးအမှူးပြုသော အဖွဲ့(၁)က "ဇယောဟိဗုဒ္ဓဿ" ဂါထာတော်များ ရွတ်ဖတ်ပူဇော်ပြီးသောအခါ မဟာဗောဓိညောင်ပင်တော်အား ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်၍ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

■

# မော်လမြိုင်မြို့၌ ညောင်ရေသွန်းလောင်းပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကျင်းပ



**မော်လမြိုင် မေ ၃**

၁၃၈၅ ခုနှစ် ကဆုန်လပြည့် (ဗုဒ္ဓနေ့) မွန်ပြည်နယ် မော်လမြိုင်မြို့၏ ကျက်သရေဆောင် ဆုတောင်းပြည့် မဟာမြတ်မုနိဘုရားကြီး သွန်းလောင်းတော်မူသော ရက်မြတ်မင်္ဂလာရောင်တော်ဖွင့် ပူဇော်ပွဲအခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ တက်ရောက်ကြသည်။

ဦးစွာ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးမင်းတို့က နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ကြပြီး ပန်း၊ သောက်တော်ရေချမ်းနှင့် သစ်သီးဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်း၊ နံ့သာဆီမီးကပ်လှူပူဇော်ခြင်း၊ မဟာမြတ်မုနိ ရုပ်ပွားတော်မြတ်အား မျက်နှာသစ်တော်ရေဖြင့် ရောင်တော်ဖွင့်လှစ် ဆောင်ရွက်ခဲ့သည်။

ထို့နောက် မဟာမြတ်မုနိရုပ်ပွားတော်မြတ်ရှိမဟာဗောဓိညောင်ပင်နှင့် လေးကျွန်းသစ္စာရှင် နဂါးမောက်စေတီတော်ရှိ မဟာဗောဓိညောင်ပင်တို့၌ ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲ အခမ်းအနားကျင်းပသည်။

**ဆွမ်းဆန်စိမ်းလောင်းလှူ**

ဆက်လက်၍ မဟာမြတ်မုနိ ရုပ်ပွားတော်မြတ် ပရိဝုဏ်အတွင်း၌ ဆရာတော်၊ သံဃာတော်၊ သီလရှင် ၃၁၅ ပါးတို့အား ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက စုပေါင်း၍ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကဆုန်လပြည့် ဗုဒ္ဓနေ့အထိမ်းအမှတ် ဆီမီးတိုင်များကိုင်ဆောင်၍ လှည့်လည်ပူဇော်ပွဲကျင်းပ

**နေပြည်တော် မေ ၃**

ကဆုန်လပြည့် ဗုဒ္ဓနေ့အထိမ်းအမှတ် ဆီမီးတိုင်များ ကိုင်ဆောင်၍ လှည့်လည်ပူဇော်ပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်၌ ကျင်းပသည်။

ဦးစွာ စုရပ်တပေါင်းကွင်းမှ စတင်ထွက်ခွာကြပြီး ဗျာဒိတ်တော် ခံယူတော်မူခြင်း ယာဉ်နှင့် သာသနာ့အလံ၊ ဆီမီးတိုင်များကို ကိုင်ဆောင်ထားသည့် ကျောင်းသား ကျောင်းသူများက စေတီတော်မြတ်ကြီး၏ အရှေ့ဘက်မုခ်ဦး၌ လည်းကောင်း၊ ဖွားမြင်တော်မူခြင်းယာဉ်နှင့် သာသနာ့အလံ၊ ဆီမီးတိုင်များကို ကိုင်ဆောင်ထားသည့် ဝန်ကြီးဌာနများမှ ဝန်ထမ်းများက စေတီတော်မြတ်ကြီး မြောက်ဘက်မုခ်ဦး၌ လည်းကောင်း၊ ဘုရားပွင့်တော်မူခြင်း ယာဉ်နှင့် သာသနာ့အလံ၊ ဆီမီးတိုင်များကို ကိုင်ဆောင်ထားသည့် ကျောင်းသား ကျောင်းသူများက စေတီတော်မြတ်ကြီး၏ အနောက်ဘက်မုခ်ဦး၌ လည်းကောင်း၊ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူခြင်းယာဉ်နှင့် သာသနာ့အလံများ၊ ဆီမီးတိုင်များကို ကိုင်ဆောင်ထားသည့် ဝန်ကြီးဌာနများမှ ဝန်ထမ်းများက တောင်ဘက် မုခ်ဦး၌လည်းကောင်း ရောက်ရှိနေရာယူကြသည်။

**စိုက်ထူပူဇော်**

ထို့နောက် သာသနာ့အလံများ၊ ဆီမီးတိုင်များကို ကိုင်ဆောင်ထားသည့် ကျောင်းသား ကျောင်းသူများနှင့် ဝန်ကြီးဌာနများမှ ဝန်ထမ်းများသည် သက်ဆိုင်ရာ မုခ်ဦးများမှတစ်ဆင့် စေတီတော်မြတ်ကြီး ရင်ပြင်တော်ပေါ်သို့ တစ်ပြိုင်တည်း တက်ရောက်၍ သတ်မှတ်နေရာများ၌ အလံတိုင်များနှင့် ဆီမီးတိုင်များကို စိုက်ထူပူဇော်ကြသည်။



ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား ဆီမီးတိုင်များ ကိုင်ဆောင်၍ လှည့်လည်ပူဇော်ရာတွင် ကျောင်းသား ကျောင်းသူများနှင့် ဝန်ကြီးဌာနများမှ ဝန်ထမ်း စုစုပေါင်း ၁၀၈၀ ဖြင့် လှည့်လည်ပူဇော်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ “ကဆုန်လပြည့် ဗုဒ္ဓနေ့” အား စည်ကားသိုက်မြိုက်စွာ ကျင်းပ

**နေပြည်တော် မေ ၃**

ကဆုန်လပြည့်နေ့ဖြစ်သည့် ယနေ့သည် ဘုရားအလောင်းတော် သုမေဓာ ရှင်ရသေ့ဘဝတွင် ဒီပင်္ကရာမြတ်ဘုရားခြေတော်ရင်း၌ နိယတဗျာဒိတ်ပန်းဆင်မြန်းခဲ့သောနေ့ဖြစ်ခြင်း၊ သိဒ္ဓတ္ထမင်းသားအဖြစ် ဖွားမြင်သောနေ့ဖြစ်ခြင်း၊ မြတ်စွာဘုရားရှင်သည် ဗောဓိဟူသည့် သဗ္ဗညုတဉာဏ်တော်ကိုရရှိပြီး ဘုရားအဖြစ်သို့ ရောက်ရှိတော်မူသောနေ့ဖြစ်ခြင်းနှင့် မြတ်ဘုရားပရိနိဗ္ဗာန်စံဝင်တော်မူသောနေ့ဖြစ်ခြင်းတို့ကြောင့် ဗုဒ္ဓဘာသာဝင် သူတော်စင်တို့အတွက် အလွန်ပင်ထူးခြားမွန်မြတ်သည့် နေ့ထူးနေ့မြတ်ဖြစ်သည်။

**ပရိဘောဂစေတီထိုက်**

မဟာဗောဓိပင်ဆိုသည်မှာ ဘုရားအလောင်းတော်သိဒ္ဓတ္ထမင်းသား ဖွားမြင်တော်မူသောနေ့တွင် အတူတကွဖြစ်ထွန်းပေါ်ပေါက်ခဲ့သည့် ဖွားဖက်တော် ခုနစ်ပါးထဲတွင် တစ်ပါးအပါအဝင်ဖြစ်ပြီး သမ္မာသမ္ဗုဒ္ဓဘုရားအဖြစ်သို့ ရောက်ရှိစေရန် များစွာအထောက်အကူပြုခဲ့သည့်အတွက် မဟာဗောဓိပင်သည် ပရိဘောဂစေတီထိုက်သော စေတီတော်တစ်ဆူလည်း ဖြစ်သည်။ ကဆုန်လသည် မြေကြီးခြောက်သွေ့ခြောက်တွင် ရေပြတ်လပ်သည့် နွေကာလဖြစ်သည့်အတွက် ဗောဓိပင်တော်များကို ကဆုန်ညောင်ရေသွန်းလောင်းခြင်းလည်းဖြစ်ရာ မြန်မာတို့သည် ယဉ်ကျေးမှု ဓလေ့ထုံးတမ်းအစဉ်အလာနှင့် ဘာသာတရား၏ အဆုံးအမတို့ဖြင့် ကဆုန်ညောင်ရေသွန်းပွဲကို နှစ်စဉ်ကျင်းပလေ့ရှိကြသည်။



အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦး ကဆုန်လပြည့် ဗုဒ္ဓနေ့၌ ရန်တိုင်းအောင် ဆုတောင်းပြည့် မြို့ဦးစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်းရှိ မဟာဗောဓိညောင်ပင်အား အမွှေးနံ့သာရည်များဖြင့် သွန်းလောင်းပူဇော်စဉ်။

ထိုသို့ ကဆုန်ညောင်ရေသွန်းလောင်းပွဲများကို ရွှေတိဂုံစေတီတော်မြတ်ကြီး ရင်ပြင်တော်၌ ကျင်းပပြုလုပ်သည့် ညောင်ရေသွန်းပွဲအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဘုရားပုထိုးစေတီများ၌ ယနေ့တွင် ကျင်းပပြုလုပ်ကြရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများ၊ တာဝန်ရှိသူများ၊ ဝတ်အသင်းများ၊ ရေကြောင်းလူငယ်သင်တန်းနှင့် လေကြောင်းလူငယ်သင်တန်းတို့မှ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြပြီး သတ်မှတ်နေရာများအလိုက် မဟာဗောဓိပင်များကို ညောင်ရေသွန်းလောင်းလှူကြ၍ အမွှေးနံ့သာရည်များ ပက်ဖျန်းခြင်းတို့ကို စည်ကားသိုက်မြိုက်စွာ ပြုလုပ်ကြသည်။

ထို့ပြင် ဗုဒ္ဓဘာသာဝင်များအနေဖြင့် မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ဥပုသ်သီလဆောက်တည်ခြင်း၊ ပဋ္ဌာန်းဒေသနာတော်နှင့် ပရိတ်တရားတော်များ ရွတ်ပွားပူဇော်ခြင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ ဘုရား၊ စေတီ၊ ပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၌ ကုသိုလ် ဒါန သီလ ပွားများခြင်းစသည့် သူတော်ကောင်းတရားများကို အားထုတ်ဆောင်ရွက်ကြသည့်အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌လည်း အများပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် စည်ကားသိုက်မြိုက်စွာ လာရောက်ဖူးမြော် ကြည်ညိုလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

■

# အမြို့မြို့အနယ်နယ်၌ ကဆုန်လပြည့်နေ့ ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် ညောင်ရေသွန်းပွဲများ ကျင်းပ



ပြည်မြို့ လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး၌ ဆွမ်းဆန်စိမ်း လောင်းလှူပူဇော်ပွဲ ကျင်းပစဉ်။
ကိုစိုး(ပြည်)



သထုံရွှေစာရံစေတီတော်မြတ်ကြီး၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။
ခရိုင်(ပြန်/ဆက်)



ယင်းမာပင်မြို့၌ ညောင်ရေသွန်းပွဲတော် ကျင်းပစဉ်။
ခရိုင်(ပြန်/ဆက်)



ဘီးလင်းမြို့နယ်၌ ညောင်ရေသွန်းပွဲတော် ကျင်းပစဉ်။
မြို့နယ်(ပြန်/ဆက်)



တိုက်ကြီးမြို့နယ်၌ ညောင်ရေသွန်းပွဲတော် ကျင်းပစဉ်။
မြင့်ဦး




ချောင်းသာမြို့၌ ညောင်ရေသွန်းပွဲတော် ကျင်းပစဉ်။
မြို့နယ်(ပြန်/ဆက်)



ကျိုက်ထိုမြို့၌ ညောင်ရေသွန်းပွဲတော် ကျင်းပစဉ်။
ခရိုင်(ပြန်/ဆက်)



ဖျာပုံမြို့ ရွှေနတ်ကူဘုရားဝင်းအတွင်း၌ ညောင်ရေသွန်းပွဲတော် ကျင်းပစဉ်။
၂၀၇



ပေါင်မြို့နယ်၌ ညောင်ရေသွန်းပွဲတော် ကျင်းပစဉ်။
မြို့နယ်(ပြန်/ဆက်)

# အမြို့မြို့အနယ်နယ်၌ ကဆုန်လပြည့်နေ့ ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် ညောင်ရေသွန်းပွဲများ ကျင်းပ



သထုံရွှေစာရံစေတီတော်မြတ်ကြီး ဗောဓိညောင်ပင်၌ ညောင်ရေသွန်း ပွဲတော် ကျင်းပစဉ်။
ခရိုင်(ပြန်/ဆက်)



ထားဝယ်မြို့၌ ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲ ကျင်းပစဉ်။
တိုင်းဒေသကြီး (ပြန်/ဆက်)



မိုးညှင်းမြို့နယ်၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းမိသားစုများက ညောင်ရေသွန်းပွဲတော် ကျင်းပစဉ်။
ကိုမင်း(ပြန်/ဆက်)



မြောင်းမြမြို့၌ ရှေးဟောင်းသမိုင်းဝင် စကြာသီဟ၊ စကြာနန္ဒ ဘုရားဝင်းအတွင်း ညောင်ရေသွန်းပွဲတော် ကျင်းပစဉ်။
ခရိုင်(ပြန်/ဆက်)



ဖျာပုံမြို့၌ မြို့လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပစဉ်။
သပြေထွန်း



အင်းစိန်မြို့ ကျောက်တော်ကြီးဘုရားရင်ပြင်တော်၌ ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲ ကျင်းပစဉ်။
ဉာဏ်ဟိန်း



စဉ့်ကူးမြို့၌ သံဃာတော် (၁၀၈) ပါးအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်စုပေါင်းလောင်းလှူပွဲ ကျင်းပစဉ်။
မြို့နယ်(ပြန်/ဆက်)



ကျုံပျော်မြို့၌ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပစဉ်။
ခရိုင်(ပြန်/ဆက်)



ပြည်မြို့ လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး၌ ကဆုန်ညောင်ရေသွန်းပွဲတော် ကျင်းပစဉ်။
ကိုဆက်(ပြန်/ဆက်)



ကလိန်အောင်မြို့ ဆုတောင်းပြည့်ဆံတော်ရှင်စေတီတော်မြတ်ကြီး၌ နို့ရည်သွန်းလောင်းလှူဒါန်းခြင်း ပြုလုပ်စဉ်။
ခင်ခင်လဲ့(ကလိန်အောင်)



ဝါးခယ်မမြို့နယ်၌ သံဃာတော်နှင့် သီလရှင်များအား ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူကြစဉ်။
ဟိန်းထက်လင်း(ပြန်/ဆက်)

# မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် မြန်မာအားကစားအဖွဲ့ (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ထွက်ခွာ

ရန်ကုန် မေ ၃

၂၀၂၃ ခုနှစ် မေ ၅ ရက်မှ ၁၇ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံတွင် ကျင်းပမည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဖိတ်ကြားခံပုဂ္ဂိုလ်အဖြစ် တက်ရောက်မည့် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် အတူ မြန်မာအားကစားအဖွဲ့ခေါင်းဆောင် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးနှင့် မြန်မာအားကစားအဖွဲ့သည် ယနေ့ မွန်းလွဲ ၁ နာရီတွင် မြန်မာအမျိုးသားလေကြောင်းလိုင်း (စင်းလုံးငှားလေယာဉ်) အမှတ် UB-7017 ဖြင့် ရန်ကုန်မြို့မှ ထွက်ခွာကြရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မိဘပြည်သူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ လိုက်လံပို့ဆောင်နှုတ်ဆက်ကြသည်။

ထိုသို့မထွက်ခွာမီ ပြည်ထောင်စုဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က မြန်မာအားကစားအဖွဲ့အား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်၍ ကျန်းမာရေးကို အထူးဂရုစိုက်ရန်၊ အောင်မြင်မှုများ ရရှိပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်အောင် အစွမ်းကုန်ကြိုးစားကြရန် အားပေးစကား ပြောကြားကြသည်။




အဆိုပါ အားကစားအဖွဲ့များတွင် ဖိတ်ကြားခံပုဂ္ဂိုလ် တစ်ဦး၊ အုပ်ချုပ်မှုအဖွဲ့ ၁၃ ဦး၊ ဗိုဗီနမ်အားကစားနည်းမှ အုပ်ချုပ်/ နည်းပြ ခြောက်ဦး၊ အမျိုးသားအားကစားသမား ၁၅ ဦး၊ အမျိုးသမီးအားကစားသမား ၁၁ ဦး၊ ပီတန်းအားကစားနည်းမှ အုပ်ချုပ်/နည်းပြ နှစ်ဦး၊ အမျိုးသားအားကစားသမား နှစ်ဦး၊ အမျိုးသမီးအားကစားသမား ခုနစ်ဦး၊ လက်ဝှေ့အားကစားနည်းမှ အုပ်ချုပ်/နည်းပြ လေးဦး၊ အမျိုးသားအားကစားသမား ခြောက်ဦး၊ အမျိုးသမီးအားကစားသမား သုံးဦး၊ တင်းနစ်အားကစားနည်းမှ အုပ်ချုပ်/နည်းပြ နှစ်ဦး၊ အမျိုးသားအားကစားသမား လေးဦး၊ အမျိုးသမီးအားကစားသမား သုံးဦး၊ ပြေးခုန်ပစ်(မာရသွန်)အားကစားနည်းမှ အုပ်ချုပ် / နည်းပြ လေးဦး၊ အမျိုးသားအားကစားသမား နှစ်ဦး၊ အမျိုးသမီးအားကစားသမား လေးဦး၊ ရိုးရာလက်ဝှေ့အားကစားနည်းမှ အုပ်ချုပ်/နည်းပြ ခြောက်ဦး၊ အမျိုးသားအားကစားသမား ကိုးဦး၊ အမျိုးသမီးအားကစားသမား သုံးဦး၊ ခြင်းလုံးအားကစားနည်းမှ အုပ်ချုပ်/နည်းပြ ခြောက်ဦး၊ အမျိုးသားအားကစားသမား ၁၄ ဦး၊ အမျိုးသမီးအားကစားသမား ၁၄ ဦးနှင့် အပြည်ပြည်ဆိုင်ရာ ဒိုင်လူကြီး ရှစ်ဦးတို့ လိုက်ပါသွားကြောင်း သိရသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့် အမှတ်(၁) သံမဏိစက်ရုံ(မြင်းခြံ)အား ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၃

စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်သည် ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်၊ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးတို့နှင့်အတူ ဧပြီ ၂၉ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ရှိ အမှတ်(၁) သံမဏိစက်ရုံ(မြင်းခြံ)သို့ ရောက်ရှိပြီး သံရည်ကျိုအလုပ်ရုံအမှတ်(၁)၊ သံရည်ကျိုအလုပ်ရုံအမှတ်(၂)၊ အောက်ဆီဂျင်ထုတ်လုပ်ရေးအလုပ်ရုံနှင့် စက်ပစ္စည်းကိရိယာများအား အမိုးအကာအောက်သို့ ရွှေ့ပြောင်းထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ လှည့်လည်ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက သံရည်ကျိုလုပ်ငန်းများတွင် ပြန်လည်အသုံးပြုနိုင်ရန်အတွက် ခြောက်မီတာအောက်ရှိ Billet များကို လုံအိုးအတွင်း ဝင်ဆံ့မှုရှိအောင် ဖြတ်တောက်ထားရန်၊ သံရည်ကျိုလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်မည့် စက်အရန်ပစ္စည်းများကို ကြိုတင်ဖြည့်ဆည်းထားရန်၊ သံရည်ကျိုလုပ်ငန်းနှင့် ဆက်စပ်သည့် အလုပ်ရုံအသီးသီးရှိ စက်ပစ္စည်းများကိုလည်း အမြဲမပြတ်စစ်ဆေးရန်၊ သံရည်ကျိုလုပ်ငန်းများအား ဘေးအန္တရာယ် ကင်းရှင်းစွာဖြင့် ဆောင်ရွက်နိုင်ရေးအတွက် ဝန်ထမ်းများအနေဖြင့် သတ်မှတ်ဝတ်စုံအပြည့်အစုံဝတ်ဆင်ကြရန်နှင့် တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်သွားရန်၊ လျှပ်စစ်ကြောင့် မီးဘေးအန္တရာယ် မဖြစ်ပွားစေရေးအတွက် စက်ရုံအတွင်း သွယ်တန်းထားရှိသည့် ဝါယာကြိုးများ စနစ်တကျ တပ်ဆင်ထားမှု ရှိ၊ မရှိနှင့် ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် အသုံးပြုနိုင်ခြင်း ရှိ/မရှိ တို့ကို စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနက စစ်ဆေးပေးရန်၊ စက်ရုံအတွင်းရှိ မီးလောင်ရန်လွယ်ကူသည့် အမှိုက်၊ ခြုံနွယ်များကို ရှင်းလင်းထားရန်၊ မီးဘေးစီမံချက်များ ရေးဆွဲပြီး ဇာတ်တိုက်လေ့ကျင့်ထားရန်နှင့် မီးငြိမ်းသတ်ရေးအထောက်အကူပစ္စည်းများအား ပြည့်စုံအောင် ဖြည့်ဆည်းထားရန်။



တာဝန်ရှိသူများအနေဖြင့် သံရည်ကျိုလုပ်ငန်းများ ဆောင်ရွက်စဉ် မမျှော်မှန်းနိုင်သည့် ကိစ္စရပ်များ ဖြစ်ပေါ်လာပါက လျင်မြန်စွာ တုံ့ပြန်ဖြေရှင်းဆောင်ရွက်နိုင်ရေးအတွက်လည်း ကြိုတင်မြော်တွေး၍ စီမံဆောင်ရွက်ထားရန်၊ အမိုးအကာအောက်သို့ ရွှေ့ပြောင်းထားရှိသည့် စက်ပစ္စည်းများနှင့်ပတ်သက်၍ စနစ်တကျ မှတ်တမ်းထားရှိ ဆောင်ရွက်ရန်၊ ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်နှင့် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သံမဏိထုတ်လုပ်သည့် လုပ်ငန်းများကို ဆောင်ရွက်နေခြင်းဖြစ်၍ စီမံကိန်းလုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်နိုင်ရေး စည်းလုံးညီညွတ်စွာဖြင့် ကြိုးစားဆောင်ရွက်ရန်၊ ထို့ပြင် သံမဏိထုတ်လုပ်သည့် နည်းစဉ်များကိုလည်း ကျေညက်အောင်လေ့လာ၍ အချင်းချင်းမျှဝေရန်၊ ဝန်ထမ်းတစ်ဦးချင်းအနေဖြင့် မိမိကိုင်တွယ်မောင်းနှင ရသည့်စက်ပစ္စည်းများ စက်စွမ်းအားပြည့် လည်ပတ်နိုင်ရေးအတွက်လည်း စဉ်ဆက်မပြတ်လေ့လာသင်ယူသွားကြရန်နှင့် အပူချိန်များ မြင့်တက်နေသဖြင့် ကျန်းမာရေးအသိ သတိဖြင့် ရောဂါများ မဖြစ်ပွားစေရေး ဂရုတစိုက်နေထိုင်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**




# မြန်မာနိုင်ငံအစိုးရက ဆီးရီးယားအာရပ်သမ္မတနိုင်ငံအား လူသားချင်း စာနာထောက်ထားမှု အကူအညီအဖြစ် အလှူငွေ ပေးအပ်လှူဒါန်း

နေပြည်တော် မေ ၃

ဆီးရီးယားအာရပ်သမ္မတနိုင်ငံတွင် ဖေဖော်ဝါရီ ၆ ရက်က မြေငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်နစ်နာခဲ့ရသည့် ပြည်သူများအတွက် မြန်မာနိုင်ငံအစိုးရက လူသားချင်း စာနာထောက်ထားမှု အကူအညီအဖြစ် အလှူငွေ အမေရိကန်ဒေါ်လာ ၁၀၀၀၀၀ နှင့် ညီမျှသည့် အိန္ဒိယရူပီးငွေ ၈၁၂၇၂၀၄ ကို အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမိုးကျော်အောင်က အိန္ဒိယနိုင်ငံဆိုင်ရာ ဆီးရီးယားသံအမတ်ကြီး H.E. Dr. Bassam Seifeddin Alkhatib ထံသို့ ဧပြီ ၂၈ ရက်တွင် လွှဲပြောင်းပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# လပွတ္တာခရိုင်အတွင်းရှိ ဒေသထွက်ကုန်ပစ္စည်းများ ကုန်စည်ပြပွဲနှင့် ဖွင့်ပွဲအခမ်းအနား ကျင်းပ

လပွတ္တာ မေ ၃

လပွတ္တာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော ခရိုင်အတွင်းရှိ မြို့နယ်များမှ အသေးစားနှင့် အလတ်စား ကုန်ထုတ်လုပ်ငန်းများမှထွက်ရှိသည့် ဒေသထွက်ကုန်စည်များ ကုန်စည်ပြပွဲကို မေ ၁ ရက် နံနက် ၉ နာရီတွင် လပွတ္တာမြို့ရှိ နေသူရိန် အားကစားကွင်း၌ ကျင်းပသည်။

အဆိုပါ ကုန်စည်ပြပွဲဖွင့်ပွဲအခမ်းအနားသို့ လပွတ္တာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်မျိုးညွန့်နှင့် မြို့မိမြို့ဖများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

လပွတ္တာခရိုင်အတွင်းရှိ မြို့နယ်များမှ အသေးစားနှင့် အလတ်စား ကုန်ထုတ်လုပ်ငန်းများမှ ထုတ်လုပ်သော ကုန်စည်များအား ပြပွဲအဖြစ် ခင်းကျင်းပြသခြင်းကို မေ ၁ ရက်မှ ၅ ရက်အထိ ကျင်းပမည်ဖြစ်ရာ ပြခန်းပေါင်း ၂၀ ခန်းဖြင့် ဒေသထွက်ကုန်ပစ္စည်းများကို ခင်းကျင်းပြသလျက်ရှိကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အလှူရှင်များက ကြီးမှူးကျင်းပသည့် သံဃာတော် ၁၀၂၆၈ ပါးအား ဆွမ်းလောင်းလှူဒါန်းပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပ



မန္တလေး မေ ၃

ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့၏ နေ့ထူးနေ့မြတ်ဖြစ်သော ၁၃၈၅ ခုနှစ် ကဆုန်လပြည့်နေ့ (ဗုဒ္ဓနေ့)တွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အလှူရှင်များက ကြီးမှူး၍ မန္တလေးမြို့လေးပြင်လေးရပ်မှ သံဃာတော် ၁၀၂၆၈ ပါးအား ပင့်ဖိတ်၍ ဆွမ်း၊ ဆွမ်းဟင်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ လောင်းလှူပွဲအခမ်းအနားကို ယနေ့နံနက် ၆ နာရီက မန္တလေးမြို့ ကျုံးအရှေ့ဘက်၊ အနောက်ဘက်၊ တောင်ဘက်နှင့် မြောက်ဘက်တို့ရှိ သတ်မှတ်မင်္ဂလာမဏ္ဍပ်များတွင် တစ်ချိန်တည်း တစ်ပြိုင်တည်း ကျင်းပသည်။

ဆွမ်းလောင်းလှူပွဲသို့ နိုင်ငံတော်သြဝါဒစရိယ အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မိကာရာမကျောင်းတိုက် မိတ္ထီလာကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တသုဇနပီယ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၊ တိုင်းဒေသကြီး/မြို့နယ်သံဃနာယကအဖွဲ့ ဆရာတော်ကြီးများ၊ မန္တလေးမြို့ လေးပြင်လေးရပ်ရှိ ပရိယတ္တိစာသင်တိုက်ကြီးများမှ ဆရာတော်ကြီးများ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်ဇနီး၊ ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသူများ၊ အလှူရှင်များနှင့်ပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ မန္တလေးမြို့ လေးပြင်လေးရပ်တို့မှ ကြွရောက်တော်မူလာကြသော ဆရာတော်၊ သံဃာတော် ၁၀၂၆၈ ပါးတို့က ကျုံးလေးပြင်လေးရပ်ရှိ မင်္ဂလာမဏ္ဍပ်အသီးသီးတို့နှင့် ယာယီသီတင်းသုံးနေရာများတွင် သီတင်းသုံးတော်မူကြသည်။

၎င်းနောက် နံနက်ပိုင်းတွင် အခမ်းအနားအား ကျုံးလေးပြင်လေးရပ်ရှိ မင်္ဂလာမဏ္ဍပ်အသီးသီး၌ နမောတဿသုံးကြိမ် ရွတ်ဆိုဖွင့်လှစ်ပြီးနောက် ဆရာတော်ကြီးများထံမှ ကိုးပါးသီလခံယူပြီး ဆရာတော် သံဃာတော် အရှင်သူမြတ်များ ရွတ်ပွားသော ပရိတ်တရားတော်များကို နာယူကြည်ညိုကြကာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ဇနီး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့်ဇနီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများက ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီးနောက် ဆရာတော်ကြီးများထံမှ အနုမောဒနာ ရေစက်ချတရားနာယူပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုရုပ်သိမ်းခဲ့သည်။

ဆက်လက်၍ မန္တလေးမြို့လေးပြင်လေးရပ်ရှိ သံဃာတော် ၁၀၂၆၈ ပါးတို့အား ဆွမ်း၊ ဆွမ်းဟင်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ လောင်းလှူပွဲကို တစ်ပြိုင်တည်းကျင်းပရာ သတ်မှတ်ထားသည့် ဥပါသကာအဖွဲ့များက အစီအစဉ်များအတိုင်း ဆရာတော်ကြီးများအား ပင့်ဆောင်လာရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၏ဇနီး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့်ဇနီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ အလှူရှင်များက ဆွမ်း၊ ဆွမ်းဟင်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများကို တစ်ပြိုင်တည်း လောင်းလှူခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ရှမ်းပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ ကဆုန်လပြည့်(ဗုဒ္ဓအခါတော်)နေ့တွင် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်

တောင်ကြီး မေ ၃

ရှမ်းပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ ကဆုန်လပြည့်(ဗုဒ္ဓအခါတော်)နေ့တွင် ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူခြင်းနှင့် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ခြင်းကို ယနေ့နံနက် ၆ နာရီခွဲက တောင်ကြီးမြို့ စူဠာမုနိလောကချမ်းသာစေတီတော်ဓမ္မာရုံ၌ ကျင်းပသည်။

**ဆက်ကပ်လှူဒါန်း**

အခမ်းအနားတွင် တောင်ကြီးမြို့ပေါ်ရှိ ဆရာတော်သံဃာတော် ၁၀၈ ပါးအား ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးနှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူတို့က အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

၎င်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များက ဆရာတော်၊ သံဃာတော် ၁၀၈ ပါးအား စူဠာမုနိလောကချမ်းသာစေတီတော်ရင်ပြင်တွင် ဆွမ်းဆန်စိမ်း၊ လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူပေးကြပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ ကဆုန်လပြည့်နေ့(ဗုဒ္ဓအခါတော်နေ့)တွင် စူဠာမုနိလောကချမ်းသာစေတီတော်မြတ်ကြီးရှိ ပရိဘောဂစေတီတော် မဟာဗောဓိပင်အား ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ကယားပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ ဆုတောင်းပြည့် မြို့နာမ်စေတီတော် အနေကဇာတင်ပူဇော်ပွဲနှင့် ညောင်ရေသွန်းလောင်းပူဇော်ပွဲ ကျင်းပ

လွိုင်ကော် မေ ၃

ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် ကယားပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ ဗုဒ္ဓနေ့ဆိုင်ရာ မဟာမင်္ဂလာ အခမ်းအနားများဖြစ်သည့် ဗုဒ္ဓါဘိသေက အနေကဇာတင်ပူဇော်ပွဲနှင့် ညောင်ရေသွန်းလောင်းပူဇော်ပွဲ အခမ်းအနားများကို ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့ ဆုတောင်းပြည့် မြို့နာမ်စေတီတော်မြတ်ကြီး၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ဆုတောင်းပြည့် မြို့နာမ်စေတီတော်မြတ်ကြီးအား သံဃာတော် အရှင်သူမြတ်ကိုးပါးတို့က ဗုဒ္ဓါဘိသေကအနေကဇာတင် ပူဇော်ကြသည်။

ဆက်လက်၍ အခမ်းအနားသို့ ကြွရောက်လာကြသည့် ဆရာတော်သံဃာတော်အရှင်သူမြတ်များ၊ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် ဧည့်သည်တော်များက "နမောတဿ" သုံးကြိမ် ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ခဲ့ပြီး ပြည်နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ဆရာတော် ဘဒ္ဒန္တပညာစက္က (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) အရှင်သူမြတ်ထံမှ ကိုးပါးသီလခံယူဆောက်တည်ခဲ့ကြသည်။

ထို့နောက် ဝတ်အသင်းအဖွဲ့များက ညောင်ရေတော်လှူဒါန်းဂါထာနှင့် ပလ္လင်အောင်ဂါထာများကို ရွတ်ဆိုပူဇော်ကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးဆောင်၍ အခမ်းအနားသို့ လာရောက်ကြသူများ၊ ဘုရားဖူးလာပြည်သူများနှင့် ဝတ်အသင်းအဖွဲ့များက မြို့နာမ်စေတီတော် ပရိဝုဏ်အတွင်းရှိ ဗြဲဟ်နံဘုရားများအား ရေသပ္ပာယ်ပူဇော်ခြင်းနှင့် မဟာဗောဓိညောင်ပင်တော်၌ ညောင်ရေသွန်းလောင်းပူဇော်ခဲ့ကြသည်။

**ပြည်နယ်(ပြန်/ဆက်)**



❖ (၃၂)ကြိမ်မြောက် ဆီးဂိမ်းမှ

ဗီယက်နမ်အသင်းသည် မိနစ် ၃၀ နောက်ပိုင်းမှ ဂိုးစတင်ရရှိခဲ့ပြီး ၃၆ မိနစ်တွင် ဗန်သန်၊ ၄၃ မိနစ်တွင် ထိုင်ဆွန်တို့က သွင်းယူပြီး ပထမပိုင်းအပြီးတွင် နှစ်ဂိုးအသာဖြင့် ဦးဆောင်နေသည်။ ဗီယက်နမ်အသင်းအတွက် တတိယဂိုးကို ၇၉ မိနစ်တွင် မိုဟာမက်အီဟန်က သွင်းယူခဲ့ပြီး စင်ကာပူအသင်းအတွက် ချေပဂိုးတစ်ဂိုးကို မိနစ် ၉၀ တွင် ဗီယက်နမ်အသင်းမှ သီဟောင်ဗူက ကိုယ့်ဂိုးကိုယ်သွင်းယူခဲ့သဖြင့် ရရှိခဲ့ခြင်းဖြစ်သည်။

မလေးရှားအသင်းသည် ပထမဆုံးပွဲတွင် လာအိုအသင်းကို ဂိုးပြတ်အနိုင်ယူပြီး အမှတ်ပြည့်စတင်ရရှိခဲ့သည်။ ယခုပွဲတွင် သွင်းဂိုးခြောက်ဂိုးအထိရှိခဲ့ပြီး ကိုယ့်ဂိုးကိုယ်သွင်းယူသည့်ဂိုးမှာ သုံးဂိုးအထိ ပါဝင်ခဲ့သည်။ မလေးရှားအသင်းအတွက် ဂိုးများကို ၄ မိနစ်တွင် မိုဟာမက်၊ ၇၅ မိနစ်တွင် ဆာရာဟီနှင့် ၉၀+၁ မိနစ်တွင် နာဂျာမူဒင်တို့က သွင်းယူခဲ့ပြီး ကျန်နှစ်ဂိုးမှာမူ ၂၈၊ ၉၀+၄ မိနစ်တွင် လာအိုကစားသမားနှစ်ဦးက ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့ခြင်းဖြစ်သည်။ လာအိုအသင်းရရှိသည့် ချေပဂိုးတစ်ဂိုးမှာလည်း မိနစ် ၂၀ တွင် မလေးရှားကစားသမား ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့ခြင်းဖြစ်သည်။

အုပ်စု(ခ)တွင် ဗီယက်နမ်အသင်းက နှစ်ပွဲကစား ခြောက်မှတ်၊ မလေးရှားနှင့် ထိုင်းအသင်းက တစ်ပွဲကစား သုံးမှတ်စီရရှိထားကာ လာအိုနှင့် စင်ကာပူအသင်းမှာမူ နှစ်ပွဲစလုံးရှုံးပြီး အမှတ်မရသေးပေ။

**သတင်း - ကိုညီလေး၊ ဓာတ်ပုံ - seagames2023**

# ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် မန္တလေးမြို့လုံးအနှံ့ ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းသူများ၊ ဆွမ်းဆန်စိမ်းလောင်းလှူ ကုသိုလ်ပြုသူများဖြင့် အထူးစည်ကား



မန္တလေး မေ ၃

ကဆုန်လပြည့်(ဗုဒ္ဓနေ့)သည် ထေရဝါဒ ဗုဒ္ဓဘာသာဝင်များအတွက် မင်္ဂလာရှိသော နေ့ထူးနေ့မြတ် ဖြစ်သည်နှင့်အညီ မန္တလေးမြို့ပေါ်ရှိ တန်ခိုးကြီးဘုရားစေတီပုထိုးများ၌ ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပူဇော်ပွဲများနှင့် ပရိဘောဂစေတီထိုက်သော ဗောဓိညောင်ပင်တို့အား ညောင်ရေသွန်းလောင်းပူဇော်ပွဲများ ကျင်းပခြင်း၊ မန္တလေးမြို့လုံးအနှံ့တွင် ကုသိုလ်ရှင်များက ဆရာတော် သံဃာတော်များအား ဆွမ်းဆန်တော်များ လောင်းလှူခြင်းနှင့် စတုဒိသာကျွေးမွေးလှူဒါန်း ကုသိုလ်ပြုသူများဖြင့် စည်ကားလျက်ရှိသည်။

ယနေ့ နံနက် ၄ နာရီတွင် မဟာမုနိရုပ်ရှင်တော်မြတ်အား ရေတော်ဆရာတော်အမှူးပြု၍ ဘုရားကြီးမျက်နှာသစ်တော်ဝတ်အဖွဲ့က မျက်နှာသစ်တော်မူပြီး ရဟန်းရှင်လူပြည်သူများ၊ ဓမ္မစကြာဝတ်အသင်းများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေး အသင်းအဖွဲ့များ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာသူများက ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်း၊ ဆွမ်း၊ ရေချမ်း၊ ပန်းကပ်လှူပူဇော်ခြင်း၊ ခုနစ်နေ့နံဘုရားများတွင် ရေသပ္ပယ်ခြင်း၊ ဥပုသ်သီလ ဆောက်တည်ကြခြင်းများအပြင် မဟာမုနိပရိဝုဏ်အတွင်း အင်္ဂါထောင့်ရှိ ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်း ပူဇော်သူများဖြင့် စည်ကားလျက်ရှိသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ဦးဆောင်၍ အလှူရှင်များက မန္တလေးမြို့လေးပြင်လေးရပ်ရှိဆရာတော်သံဃာတော် ၁၀၂၆၈ ပါးတို့အား ဆွမ်း၊ ဆွမ်းဟင်း၊ နဝကမ္မဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူပွဲကို ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ ကျုံးအရှေ့ဘက်၊ အနောက်ဘက်၊ တောင်ဘက်၊ မြောက်ဘက်တို့ရှိ သတ်မှတ် မင်္ဂလာမဏ္ဍပ်များ၌ တစ်ချိန်တည်း တစ်ပြိုင်တည်း ကျင်းပရာ ဌာနဆိုင်ရာများ၊ လူမှုအသင်းအဖွဲ့များနှင့် စေတနာရှင်ပြည်သူများ တက်ရောက်ကြည်ညိုကြပြီး ဆရာတော် သံဃာတော်များအား ဆေးဝါးများနှင့် လှူဖွယ်ပစ္စည်းများကိုလည်း သဒ္ဓါတရားထက်သန်စွာဖြင့် လောင်းလှူကြသည့် ပုံရိပ်များသည်လည်း နေ့ထူးနေ့မြတ် ကဆုန်လပြည့် (ဗုဒ္ဓနေ့)တွင်ကြည်ညိုဖွယ်ရာ မြင်ကွင်းအဖြစ် တွေ့မြင်ကြရသည်။

အလားတူ မန္တလေးမြို့တွင်းရှိ ရွှေကျီးမြင်ဘုရား၊ ဘုရားနီဘုရား၊ ဆုတောင်းပြည့် ဆုတောင်းရဘုရား၊ ကျောက်တော်ကြီး၊ ကုသိုလ်တော်၊ သကျသီဟဘုရား၊ ကျောက်စိမ်းစေတီတော်နှင့် အောင်တော်မူ မြတ်စွာဘုရားတို့တွင်လည်း ဘုရားဖူးလာသူများ၊ ညောင်ရေသွန်းလောင်းသူများဖြင့် အထူးစည်ကားလျက်ရှိပြီး အလှူရှင်များကလည်း စတုဒိသာကြာဆံဟင်း၊ ရေသန့်၊ အချိုရည်များဖြင့် လှူဒါန်းတိုက်ကျွေးကြသည်။

ထို့အတူ မဟာအောင်မြေမြို့နယ် ဗောဓိကုန်းရပ်တွင် တည်ရှိသော မင်းတုန်းမင်းတရားကြီး စိုက်ပျိုးလှူဒါန်းခဲ့သည့် ဗောဓိညောင်ပင်၊ မန္တလေးတောင်ခြေရှိ မဟာဗောဓိညောင်ပင်တို့တွင်လည်း ညောင်ရေသွန်းလောင်း ပူဇော်ပွဲများ ကျင်းပကြရာ ညောင်ရေသွန်းလောင်း ပူဇော်ကြသူများနှင့် ဘုရားဖူးလာ ပြည်သူများကို အလှူရှင်များက အအေးစတုဒိသာများဖြင့် တိုက်ကျွေး ကုသိုလ်ပြုကြသည်။ **မောင်အေးချမ်း**



## ကျောက်စိမ်းစေတီတော် ထီးတော်တင်လှူပွဲကျင်းပ

ရန်ကုန် မေ ၃

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် (၅)ဝိုင်းကန်ဦးကျောင်းတိုက်ဝင်းအတွင်းရှိ ကျိုက်မရောဘုရားကြီးကျောင်းတိုက်တွင် တည်ထားကိုးကွယ်သည့် ကျောက်စိမ်းစေတီတော် ထီးတော်တင်လှူပွဲကို ယနေ့(ကဆုန်လပြည့်နေ့)နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် သဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝါရိန္ဒ၏ ဦးစီးမှုဖြင့် အလှူရှင်များက ထီးတော်နှင့်စိန်ဖူးတော်များကို တင်လှူပူဇော်ကြပြီး ရွှေမိုးငွေမိုးများ ရွာသွန်းကြသည်။

ထို့နောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် သဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝါရိန္ဒနှင့် သံဃာတော်များက ကျောက်စိမ်းစေတီတော်အား ဗုဒ္ဓါဘိသေကအနေကဇာတင်ခြင်းကို ဆောင်ရွက်ကြပြီး အလှူရှင်နှင့်ကြွရောက်လာကြသည့် ဧည့်ပရိသတ်များက နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် သဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝါရိန္ဒဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မြန်မာ့ပင်လယ်ပြင်

နေပြည်တော် မေ ၃

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၄-၅-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၁၅ | ၁၉၆၀ | ၁၉၅၅ | ၁၉၂၀ | ၁၉၆၀ | ၁၉၈၅ | ၁၉၇၀ | ၁၉၄၅ | ၂၀၄၅ | ၂၀၆၀ | ၁၉၅၅ | ၁၉၆၀ | ၂၀၀၀ | ၂၀၀၀ | ၂၀၀၀ | ၂၂၃၀ | ၂၈၁၀ |
| 95 Ron | ၁၉၉၀ | ၂၀၄၀ | ၂၀၃၅ | ၂၀၀၀ | ၂၀၃၅ | ၂၀၆၀ | ၂၀၄၅ | ၂၀၂၀ | ၂၁၂၀ | ၂၁၃၅ | ၂၀၃၀ | ၂၀၄၅ | ၂၀၇၅ | ၂၀၇၅ | ၂၀၈၀ | ၂၃၀၅ | ၂၈၈၅ |
| HSD (500 ppm) | ၁၇၉၅ | ၁၈၄၅ | ၁၈၄၅ | ၁၈၀၅ | ၁၈၄၅ | ၁၈၆၅ | ၁၈၆၅ | ၁၈၃၀ | ၁၉၅၀ | ၁၉၄၅ | ၁၈၃၅ | ၁၈၅၀ | ၁၈၈၀ | ၁၈၈၅ | ၁၈၈၅ | ၂၁၁၅ | ၂၉၀၀ |
| HSD (50 ppm) | ၁၈၇၅ | ၁၉၂၅ | ၁၉၂၅ | ၁၈၈၅ | ၁၉၂၅ | ၁၉၄၅ | ၁၉၄၅ | ၁၉၁၀ | ၂၀၃၀ | ၂၀၂၅ | ၁၉၁၅ | ၁၉၃၀ | ၁၉၆၀ | ၁၉၆၅ | ၁၉၆၅ | ၂၁၉၅ | ၂၉၃၀ |
| HSD (10 ppm) | ၁၈၇၅ | ၁၉၂၅ | ၁၉၂၅ | ၁၈၈၅ | ၁၉၂၅ | ၁၉၄၅ | ၁၉၄၅ | ၁၉၁၀ | ၂၀၃၀ | ၂၀၂၅ | ၁၉၁၅ | ၁၉၃၀ | ၁၉၆၀ | ၁၉၆၅ | ၁၉၆၅ | ၂၁၉၅ | ၂၉၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၁၂ | ၁၈၈၁ |
| 95 Ron | ၁၈၈၅ | ၁၉၅၆ |
| HSD (500 ppm) | ၁၇၀၂ | ၁၇၆၆ |
| HSD (50 ppm) | ၁၇၇၆ | ၁၈၄၁ |
| HSD (10 ppm) | ၁၇၇၆ | ၁၈၄၁ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် ဘုရားစေတီပုထိုးများတွင် ကုသိုလ်ဒါနကောင်းမှုပြုကြသူများဖြင့် စည်ကားများပြား



ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၌ ကုသိုလ်ဒါနကောင်းမှုပြုကြသူများဖြင့် စည်ကားများပြားလျက်ရှိသည်ကိုတွေ့ရစဉ်။

**ရန်ကုန် မေ ၃**

ယနေ့သည် ဖွား၊ ပွင့်၊ ဟော၊ စံ ဗျာဒိတ်ခံသည့် ကဆုန်လပြည့် ဗုဒ္ဓနေ့ဖြစ်ပြီး ဗုဒ္ဓဘာသာဝင်များ၏ နေ့ထူးနေ့မြတ်ဖြစ်သည့်အားလျော်စွာ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် ဘုရား၊ စေတီ၊ ပုထိုးများ၌ ဥပုသ်သီတင်း ဆောက်တည်ကြသူများ၊ ကုသိုလ်ဒါန ကောင်းမှုပြုကြသူများ၊ ညောင်ရေသွန်းလောင်းကြသူများဖြင့် စည်ကားများပြားလျက်ရှိသည်။

**ကျင်းပ**

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် အကြိမ် (၄၀)မြောက် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲအခမ်းအနားကို ယနေ့နံနက် ၅ နာရီ မှစတင်၍ ရွှေတိဂုံစေတီတော်ရင်ပြင်ရှိ သတ်မှတ်နေရာအသီးသီး၌ ကျင်းပသည်။

ရှေးဦးစွာ ရွှေတိဂုံစေတီတော်မြတ်ကြီးအား အရုဏ်ဆွမ်းတော်ကြီး ဆက်ကပ်လှူဒါန်းပွဲကို စေတီတော်ရင်ပြင်ရှိ ဩဘတန်ဆောင်း၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးစိုးသိန်းနှင့်ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာချုပ် တိုင်းမှူးဗိုလ်ချုပ် ဇော်ဟိန်းနှင့် ဇနီး တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဂေါပကအဖွဲ့ဝင်များနှင့် ဘာသာရေးဝတ်အသင်းအဖွဲ့များက ဗုဒ္ဓပူဇာအဖြစ် ဗုဒ္ဓမြတ်စွာဘုရားရှင်အား အရုဏ်ဆွမ်းတော်ကြီးနှင့် ဆွမ်း၊ ပန်း၊ ရေချမ်း၊ သစ်သီး၊ ဆီမီးများ ဆက်ကပ် လှူဒါန်းပူဇော်ကြပြီး စေတီတော်မြတ်ကြီးအား မြတ်ဘုရား ရွှေတိဂုံဂါထာဖြင့် ရှိခိုးပူဇော်ခြင်း၊ နဝင်္ဂသီလခံယူဆောက်တည်ခြင်း၊ ဘုရားတရား၊ သံဃာဂုဏ်တော်များ ရွတ်ပွားပူဇော်ခြင်း၊ မေတ္တာဘာဝနာပွားများခြင်း၊ ဆုတောင်းအမျှဝေသာဓုခေါ်ဆိုခြင်းတို့ဆောင်ရွက်ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဂေါပကအဖွဲ့ဝင်များသည် ရွှေတိဂုံစေတီတော် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများအား အာရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းမှူးနှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ဂေါပကအဖွဲ့ဝင်များနှင့် ဘာသာရေးဝတ်အသင်းအဖွဲ့များသည် အကြိမ် (၄၀) မြောက် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲ ကျင်းပရန် စေတီတော်ရင်ပြင် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်းစုရပ်မှ ရွှေတိဂုံစေတီတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ပူဇော်ကြပြီး အခမ်းအနား ကျင်းပမည့် မဟာဗောဓိညောင်ပင်နေရာ၌ နေရာယူကြသည်။

ဆက်လက်၍ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများက ပရိဘောဂစေတီ (မဟာဗောဓိညောင်ပင်) အား ဗုဒ္ဓါဘိသေက မင်္ဂလာအနေကဇာ တင်လှူပူဇော်ကြသည်။

ယင်းနောက် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ အလှည့်ကျသဘာပတိ ဦးထိန်ဝင်းက ဗောဓိရုက္ခဥဒက ပူဇာမင်္ဂလာ စာတမ်းလွှာကို ဖတ်ကြားလျှောက်ထားပြီး ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်မဟာဝိသုဒ္ဓါရုံတိုက်သစ် ဦးစီးပဓာန နာယက တိပိဋကဓရ၊ တိပိဋကဘဏ္ဍာ ဂါရိက အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တသီရိန္ဒာ ဘိဝံသထံမှ ဩဝါဒ်ပရိသတ်များက နဝင်္ဂသီလ ခံယူဆောက်တည်ကြကာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး၊ တိုင်းမှူးနှင့်ဇနီး၊ တာဝန်ရှိသူများက ဩဝါဒါစရိယ ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြ၍ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဓဇ တိပိဋကဓရ ပါဠိပါရဂူ ဘဒ္ဒန္တနာဂိတထံမှ အနုမောဒနာတရားနာကြားပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

**ညောင်ရေသွန်းလောင်းပူဇော်**

ထို့နောက် ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး၊ တိုင်းမှူးနှင့်ဇနီး၊ တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းဖွဲ့များနှင့် ဘုရာဖူးလာပြည်သူများက ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

ယနေ့တွင် စေတီတော်မြတ်ကြီးသို့ ဘုရားဖူးလာပြည်သူများအား အလှူရှင်များက စတုဒိသာများကျွေးမွေးလှူဒါန်းကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီးနှင့် တာဝန်ရှိသူများသည် ဆူးလေစေတီတော်နှင့် ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ဂေါပကအဖွဲ့တို့က ကြီးမှူးကျင်းပသည့် ကဆုန်လပြည့် (ဗုဒ္ဓနေ့)ညောင်ရေသွန်းလောင်း ပူဇော်ပွဲများသို့ သွားရောက်ကြပြီး ဗောဓိညောင်ပင်အား ဘုရားဖူးလာပြည်သူများနှင့်အတူ ညောင်ရေသွန်းလောင်းပူဇော်ကြပြီး စတုဒိသာကျွေးမွေးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့အပြင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်၏ နှစ်စဉ်ကျင်းပမြဲဖြစ်သောဗုဒ္ဓါဘိသေကအနေကဇာတင်ခြင်း၊ အန္တရာယ်ကင်း ပရိတ်တရားတော်များနာခြင်းနှင့် ကဆုန်လပြည့် (ဗုဒ္ဓနေ့) ညောင်ရေသွန်းလောင်းခြင်း အခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် စေတီတော်အတွင်း၌ ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များက ဂေါတမရုပ်ပွားတော်မြတ်ရှေ့တွင် ဗုဒ္ဓါဘိသေကအနေကဇာတင်တော်မူကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယက ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ကေသရာဘိဝံသဆရာတော်ထံမှ ဂေါပကအဖွဲ့ဝင်များနှင့် ဩဝါဒ်ပရိသတ်များက နဝင်္ဂ သီလခံယူဆောက်တည်ကြပြီး ဆရာတော်သံဃာတော်များ ချီးမြှင့်တော်မူသည့် အန္တရာယ် ကင်းပရိတ်တရားတော်များနာကြားကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြ၍ နိုင်ငံတော်သံဃမဟာ နာယက ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကေသရာဘိဝံသဆရာတော်ထံမှ အနုမောဒနာတရားနာကြားပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချအမျှပေးဝေကြသည်။

ဆက်လက်၍ ဂေါပကအဖွဲ့ဝင်များနှင့် ဘာသာရေးဝတ်အသင်း ၂၃ သင်းတို့က ဗောဓိညောင်ပင်၌ ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

**ပူဇော်ပွဲများကျင်းပ**

အလားတူ လောကချမ်းသာ အဘယလာဘမုနိဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ရှေးဟောင်းသမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်၊ရွှေဘုန်းပွင့်စေတီတော်၊ ဝရဒါဠှာ ဓာတုစေတိယ စွယ်တော်မြတ်စေတီတော်(ရန်ကုန်)၊ မဟာဝိဇယစေတီတော်၊ ငါးထပ်ကြီးဘုရား၊ ခြောက်ထပ်ကြီးဘုရား၊ ကိုးထပ်ကြီး ဘုရားတို့၌လည်း သက်ဆိုင်ရာ စေတီတော် ဂေါပကအဖွဲ့ဝင်များကြီးမှူး၍ ညောင်ရေသွန်းလောင်းပူဇော်ပွဲများ ကျင်းပကြကြောင်း သိရသည်။

**သတင်း – ကိုကိုဇော်**
**ဓာတ်ပုံ – ဇော်မင်းလတ်**



ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ အကြိမ် (၄၀) မြောက် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲကျင်းပစဉ်။

---

**❂ ဆီးဂိမ်းမှ**

အနိုင်ရထားသည့်အသင်းများ ဖြစ်သောကြောင့် ယခုပွဲအနိုင်ရသည့်အသင်းမှာ ဆီမီးဖိုင်နယ်တက်ရောက်နိုင်ရန် အခြေအနေကောင်းသွားမည်ဖြစ်သည်။ မြန်မာအသင်း သည် တီမောအသင်းကို တစ်ဂိုး–ဂိုးမရှိ၊ အင်ဒိုနီးရှားအသင်းသည် ဖိလစ်ပိုင်အသင်းကို သုံးဂိုးပြတ် အနိုင်ရထားခြင်းဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုတွင်း အင်အားအတောင့်တင်းဆုံး အင်ဒိုနီးရှားနှင့် တွေ့ဆုံခြင်းဖြစ်ပြီး ဆီးဂိမ်းပြိုင်ပွဲ အုပ်စုအဆင့်တွင် နှစ်ကြိမ်ဆက်တိုက် တွေ့ဆုံခြင်းဖြစ်သည်။ မြန်မာအသင်းသည် အင်ဒိုနီးရှားအသင်းနှင့်ပွဲတွင် ရလဒ်ကောင်းရယူနိုင်ရန် ပထမပွဲထက် ကစားပုံရော အဆုံးသတ်ဂိုးသွင်းမှုအပိုင်းပါ ပိုမိုတိုးတက်လာရန် လိုအပ်နေသည်။

**ကျန်လေးသင်းယှဉ်ပြိုင်ရမည်**

အုပ်စု (က) တတိယနေ့တွင် အိမ်ရှင်ကမ္ဘောဒီးယားအသင်း ပွဲစဉ်မပါဝင်ဘဲ ကျန်လေးသင်း ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မေ ၂ ရက်ပွဲစဉ်များအပြီးတွင် အုပ်စု (က) ၌ ကမ္ဘောဒီးယား အသင်းက နှစ်ပွဲကစား လေးမှတ်၊ အင်ဒိုနီးရှားနှင့် မြန်မာအသင်းက တစ်ပွဲကစား သုံးမှတ်စီ၊ ဖိလစ်ပိုင်အသင်းက နှစ်ပွဲကစား တစ်မှတ်ရထားပြီး တီမောအသင်းမှာမူ နှစ်ပွဲစလုံး အရေးနိမ့်ထားသည်။

**ကိုညီလေး**

---

**■ ကျောဖုံးမှ**

ဗီယက်နမ်အသင်းသည် မြန်မာအသင်းကို ပထမပွဲငယ်တွင် ၂၅–၁၄ မှတ်၊ ဒုတိယပွဲငယ်တွင် ၂၅–၂၁ မှတ်၊ တတိယပွဲငယ်တွင် ၂၅–၁၈ မှတ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ အခြားပွဲများတွင် ထိုင်းအသင်းက မလေးရှားအသင်းကို သုံးပွဲပြတ်၊ အင်ဒိုနီးရှားအသင်းက ဖိလစ်ပိုင်အသင်းကို သုံးပွဲပြတ် အနိုင်ရခဲ့သည်။

အမျိုးသားဘော်လီဘောပြိုင်ပွဲကို အုပ်စုနှစ်ခုခွဲ၍ ကျင်းပလျက်ရှိပြီး အုပ်စု (က) တွင် အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ စင်ကာပူ၊ ဖိလစ်ပိုင်၊ အုပ်စု (ခ) တွင် ဗီယက်နမ်၊ ထိုင်း၊ မလေးရှားနှင့်မြန်မာအသင်းတို့ပါဝင်နေသည်။ မြန်မာအသင်းသည် အုပ်စုဒုတိယပွဲအဖြစ် မေ ၄ ရက်တွင် မလေးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**ကိုညီလေး**

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်နေမှုများအား နိုင်ငံတော်သံဃမဟာနာယက အကျိုးတော်ဆောင် သန်လျင်မင်းကျောင်းဆရာတော် ဦးဆောင်သည့် ဆရာတော်ကြီးများဖူးမြော်ကြည်ညို

**နေပြည်တော် မေ ၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ဆောက်ပူဇော်လျက်ရှိသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မင်းကျောင်းဆရာတော် ဦးဆောင်သည့် ဆရာတော်ကြီးများက ယနေ့ ညနေပိုင်းတွင် လာရောက်လေ့လာ ဖူးမြော်ကြည်ညိုကြသည်။

**တင်ပြလျှောက်ထား**

ဦးစွာ ဆရာတော်၊ သံဃာတော်ကြီးများအား ရှင်းလင်းဆောင်ရွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကံမြင့်သန်းက မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား တည်ထားကိုးကွယ်ရသည့် ရည်ရွယ်ချက်၊ တည်ထားကိုးကွယ်ရန် စကျင်ကျောက်တော်ကြီးအား အဆင့်ဆင့် တူးဖော်ခြင်းနှင့် ကျောက်တုံးတော်ကြီးများအား ရေလမ်းကြောင်း၊ ကုန်းလမ်းကြောင်းများဖြင့် ပင့်ဆောင်ခဲ့ရမှု၊ ရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်း(၁/၂/၃/၄)တို့အား ထုဆစ်ခြင်း၊ ပလ္လင်တော်အထက်သို့ ပင့်ဆောင်နိုင်ရန် သံမဏိမျှော်စင် ဝန်ချီစက် တည်ဆောက်ခြင်း၊ ရုပ်ပွားတော်မြတ်ကြီးအား ပင့်ထောင်ခြင်းနှင့် ပင့်ဆောင်နေရာချထားခြင်းလုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်နေမှုအခြေအနေများ တင်ပြလျှောက်ထားသည်။



ထို့နောက်ပင့်ဖိတ်ထားသောဆရာတော်၊သံဃာတော်ကြီးများသည် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ပလ္လင်တော်တည်ဆောက်ပြီးစီးမှု၊ ဗုဒ္ဓဥယျာဉ်တော်ကြီးအတွင်းရှိ သာသနိကအဆောက်အအုံများ တည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်တည်ဆောက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်မှူးချုပ်ဇော်နိုင်ဦးက မာရဝိဇယဗုဒ္ဓဥယျာဉ်တော်ကြီးနှင့် သာသနိကအဆောက်အအုံ စိမ်းလန်းစိုပြည် သာယာလှပစေရေးအတွက် သစ်ပင်၊ ပန်းမန်များ စိုက်ပျိုးဆောင်ရွက်နေမှု၊ သာသနိက အဆောက်အအုံများဆောက်လုပ်နေမှုနှင့် အဆင့်ဆင့်တိုးတက်လာမှုအခြေအနေများကို ရှင်းလင်းလျှောက်ထားသည်။

ထို့နောက် ပင့်ဖိတ်ထားသော ဆရာတော်၊ သံဃာတော်ကြီးများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ပလ္လင်တော် တည်ဆောက်ပြီးစီးမှု၊ ဗုဒ္ဓဥယျာဉ်တော်ကြီးအတွင်းရှိ သာသနိက အဆောက်အအုံများ တည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်တည်ဆောက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကဆုန်လပြည့်နေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဘုရားစေတီများ၌ ကုသိုလ်ဒါနပြုကြသူများဖြင့် စည်ကား

**နေပြည်တော် မေ ၃**

ယနေ့ကျရောက်သည့် ကဆုန်လပြည့်(ဗုဒ္ဓနေ့) နေ့ထူးနေ့မြတ်တွင် နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ ဘုရားစေတီပုထိုးများ၌ ကုသိုလ်ကောင်းမှုပြုခြင်း၊ ပရိဘောဂစေတီထိုက်သော ဗောဓိညောင်ပင်တို့အား ညောင်ရေသွန်းလောင်းပူဇော်ခြင်း၊ စေတနာရှင်၊ ကုသိုလ်ရှင်များက သံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူပွဲများ ကျင်းပခြင်းနှင့် စတုဒိသာကျွေးမွေးလှူဒါန်းကြခြင်းစသည့် ကုသိုလ်ကောင်းမှုပြုလုပ်သူများဖြင့် စည်ကားလျက်ရှိသည်။



နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ရင်ပြင်တော်၌ ဆီမီးတိုင်များကိုင်ဆောင်၍ လှည့်လည်ပူဇော်ပွဲ ကျင်းပစဉ်။

ပြည်ထောင်စု နယ်မြေ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ပရိဝုဏ်အတွင်း၌ နံနက်ပိုင်းမှ စတင်၍ (၁၅)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲနှင့်အတူ ဗုဒ္ဓနေ့ဆိုင်ရာ အခမ်းအနားဖြစ်သည့် ဗုဒ္ဓနေ့အထိမ်းအမှတ်အဖြစ် သံဃာတော်များကို လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ ဗုဒ္ဓနေ့အထိမ်းအမှတ် စာတမ်းဖတ်ပွဲကျင်းပခြင်း၊ ကဆုန်ညောင်ရေသွန်းလောင်းပွဲ အခမ်းအနား ကျင်းပခြင်း၊ ညပိုင်း၌ ဆီမီးတိုင်များ ကိုင်ဆောင်၍ လှည့်လည်ပူဇော်ခြင်း၊ ဓမ္မသဘင် ဆင်ယင်ကျင်းပခြင်း စသည့် အခမ်းအနားများကို နိုင်ငံတော် အဆင့်နှင့်အညီ ခမ်းနားထည်ဝါစွာ ကျင်းပသည်။

ထို့ပြင် ဗုဒ္ဓဂယာ(နေပြည်တော်) မဟာသကျရုံသီရိပ်တော်မူရုပ်ရှင်တော်မြတ်ကြီး၊ ရန်အောင်မြင်ရွှေလက်လှစေတီတော်၊ ဓာတုစယဓာတ်ပေါင်းစု စေတီတော်၊ ရန်အောင်ချမ်းသာဘုရား၊ လှေခွင်းတောင်တန်ခိုးကြီးဘုရား၊ ကိုးနဝင်းစေတီတော်၊ ဆုတောင်းပြည့်လောကမာရဇိန် စေတီတော်၊ ကိုးခန်းကြီးစေတီတော်၊ လောကရန်နိမ်စေတီ၊ ဖောင်တော်ချက်မစေတီနှင့် လက်လုပ်တောင်စေတီ စသည့် ဘုရားတို့တွင်လည်း ဓမ္မစကြာဝတ်အသင်းများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ၊ ဝန်ထမ်းမိသားစုများ၊ ဘုရားဖူးလာ ပြည်သူများက ဆွမ်း၊ ရေချမ်း၊ ပန်းကပ်လှူ ပူဇော်ခြင်း၊ ဥပုသ်သီလဆောက်တည်ခြင်း၊ ဗောဓိညောင်ပင်အား ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်ခြင်းတို့ကို ကုသိုလ်စိတ်အား ထက်သန်စွာဖြင့် ဆောင်ရွက်ကြပြီး အလှူရှင်များက ရေ၊ အစားအစာနှင့် အချိုရည်များကို စတုဒိသာအလှူအဖြစ် လှူဒါန်းကြသည်။

ညနေပိုင်းတွင်လည်း မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများရှိ ဘုရားစေတီများနှင့် မဟာဗောဓိပင်တော်တို့၌ ဆီမီး၊ ပန်းမန်၊ သောက်တော်ရေ ကပ်လှူပူဇော်ကြသူများ၊ ဝတ်ရွတ်ပူဇော်ကြသူများ၊ ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ကြသူများ၊ စတုဒိသာ ကျွေးမွေးကြသူများဖြင့် စည်ကားလျက်ရှိသည်။

ထို့ပြင် နေပြည်တော်ရှိ Ocean Super Center၊ Junction Center၊ Naypyitaw Wholesale တို့တွင် ဈေးလာဝယ်ကြသူများ နှင့် နေပြည်တော် ရေပန်းဥယျာဉ်၊ တိရစ္ဆာန်ဥယျာဉ်၊ ဆာဖာရီဥယျာဉ်၊ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်၊ လှေခွင်းတောင်ကမ်းခြေ အပန်းဖြေစခန်းတို့တွင်လည်း အပန်းဖြေလာရောက်ကြသူများဖြင့် စည်ကားလျက်ရှိသည်။

ကဆုန်လပြည့်နေ့တွင် ဘုရားဖူးလာရောက်ကြသည့် ပြည်သူများကို ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ကူညီစောင့်ရှောက်ပေးလျက်ရှိပြီး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များကလည်း ဘုရားဖူးပြည်သူများ စိတ်အေးချမ်းစွာ ကုသိုလ်ပြုနိုင်ရန် လုံခြုံရေးဆောင်ရွက်ပေးလျက်ရှိသည်။

**အောင်ရဲသွင်**

# ဘင်္ဂလားပင်လယ်အော်၌ လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

**နေပြည်တော် မေ ၃**

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်း၌ မေ ၇ ရက်တွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်။

အဆိုပါလေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာနိုင်ကာ မေ ၈ ရက်တွင် မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

**မိုး/ဇလ**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၁၂၈၈၅ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၅၅ ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၃-၅-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂-၅-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃-၅-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၂,၈၈၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၅၅) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၂) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၃၉၆,၉၇၀) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၅,၂၅၇) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၃၆) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၉၅၄) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၂) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် COVID -19 ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၂-၅-၂၀၂၃) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၁,၆၅၆,၁၈၀)ဦးနှင့် အသက် (၁၈) နှစ်အောက် လူဦးရေစုစုပေါင်း (၆,၈၄၉,၅၇၅)ဦးတို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှု (၂-၅-၂၀၂၃ ရက်နေ့အထိ)**

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၁,၆၅၆,၁၈၀ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၈၄၉,၅၇၅ |

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ်(New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက်(၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး(၆)လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ(သို့မဟုတ်)အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့်(၂၀)ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက် လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**


# နမ့်စန်မြို့နယ် မတ်ကျန်းကျေးရွာရှိ ရတနာမာန်အောင် ရပ်တော်မူဘုရားကြီး အုတ်မြစ်ချ ရေစက်ချအလှူတော်မင်္ဂလာနှင့် ဇိနရဋ္ဌတေဇမုနိ နီးဘုရားကြီး ဘုရားအနေကဇာတင် အလှူတော်မင်္ဂလာပြုလုပ်

နေပြည်တော် မေ ၃

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ် မတ်ကျန်းကျေးရွာရှိ ရတနာမာန်အောင်ရပ်တော်မူဘုရားကြီး အုတ်မြစ်ချရေစက်ချအလှူတော်မင်္ဂလာနှင့် ဇိနရဋ္ဌတေဇမုနိ နီးဘုရားကြီး ဘုရားအနေကဇာတင် အလှူတော်မင်္ဂလာကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါကျေးရွာ၌ပြုလုပ်ရာ နိုင်ငံတော်သြဝါဒါစရိယ လွိုင်လင်မြို့ သာသနာဝိပုလ ဓာတ်တော်ကျောင်းတိုက် ဦးစီးပဓာနနာယက ရှမ်းပြည်နယ်လုံးဆိုင်ရာ သံဃာ့အဖွဲ့ချုပ်ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တပညာနန္ဒ အမှူးပြုသော သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စေတနာရှင်အလှူရှင်များနှင့် ဒေသခံတိုင်းရင်းသားများ တက်ရောက်ကြသည်။

ဦးစွာ ဆရာတော်၊ သံဃာတော်များ၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ရတနာမာန်အောင် ရပ်တော်မူဘုရားကြီး တည်ထားကိုးကွယ်မည့်နေရာတွင် ပန္နက်ရိုက်အုတ်မြစ်ချခြင်းနှင့် ဌာပနာများထည့်သွင်းတော်မူပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းကာ သာသနာဝိပုလဓာတ်တော်ကျောင်းတိုက် ဦးစီးပဓာနနာယက ရှမ်းပြည်နယ်လုံးဆိုင်ရာ သံဃာ့အဖွဲ့ချုပ်ဥက္ကဋ္ဌ ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ပရိတ်တရားတော်များနာယူကြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဇိနရဋ္ဌတေဇမုနိ နီးဘုရားကြီးအား ပန်း၊ ဆီမီး၊ ရေချမ်း၊ သစ်သီး၊ ဆွမ်းများဆက်ကပ်လှူဒါန်းပြီး ရွှေသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြကာ ဇိနရဋ္ဌတေဇမုနိ နီးဘုရားကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ဇိနရဋ္ဌတေဇမုနိ နီးဘုရားကြီးအား ဘုရားအနေကဇာတင် အလှူတော်မင်္ဂလာကို ဆက်လက်ပြုလုပ်ကြသည်။ အဆိုပါ မတ်ကျန်းကျေးရွာတွင် တည်ထားကိုးကွယ်တော်မူသည့်



ဇိနရဋ္ဌတေဇမုနိ နီးဘုရားကြီးကို ၂၀၁၉ ခုနှစ် မတ် ၂၀ ရက်တွင် ဆရာတော် ဘဒ္ဒန္တဝိမလပုထိက ဦးဆောင်ကာ မတ်ကျန်းကျေးရွာမှ ဒေသခံတိုင်းရင်းသား ၁၀၀၀ ကျော်ဖြင့် ဝါးအလုံးရေ ၁၅ သိန်းကျော်ကို အသုံးပြုကာ ၂၀၁၉ ခုနှစ် ဇူလိုင် ၂ ရက်တွင် တည်ထားကိုးကွယ်ပြီးစီးခဲ့သည်။ ဘုရားကြီး၏ ဥဏှိသ်တော်အမြင့်မှာ အောက်ခြေပလ္လင်တော်မှ အထက်ဆံတော်အထိ ၆၃ ပေ၊ ဆံတော်ကိုးပေ၊ မျက်နှာတော်ကိုးပေ၊ နားရွက်တော် ကိုးပေ၊ လက်ဖဝါးတော် ကိုးပေ၊ ခြေဖဝါးတော်ကိုးပေ၊ နှာခေါင်းတော်၊ မျက်လုံးတော်နှင့် ပါးစပ်တော် သုံးပေစီနှင့် ဒူးတော်အလျားတော်အကျယ် ၃၆ ပေရှိပြီး သဘာဝ ဝါး၊ သစ်စေးတို့ဖြင့် ရက်လုပ်ပူဇော်ခဲ့ကြပြီး အဆိုပါ ဇိနရဋ္ဌတေဇမုနိ နီးဘုရားကြီးသည် ကမ္ဘာ့အကြီးဆုံး နီးဘုရားကြီး ဖြစ်လာမည်ဖြစ်ကြောင်းနှင့် ဒုတိယအကြီးဆုံးဖြစ်သည့် နီးဘုရားကြီးသည် အိန္ဒိယနိုင်ငံတွင်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကကြီးမှူး၍ ကဆုန်လပြည့်နေ့တွင် သံဃာတော်နှင့် သီလရှင်အပါး ၁၂၀၀ ခန့်အား ဆွမ်းဆန်စိမ်းလောင်းလှူ



မကွေး မေ ၃

မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် ကဆုန်လပြည့်နေ့တွင်မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူး၍ မကွေးမြသလွန်ဘုရားကွင်း၌ ဆရာတော်၊ သံဃာတော်နှင့် သီလရှင်အပါး ၁၂၀၀ ခန့်အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကိုကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်နှင့်ဇနီး၊ အနောက်ပိုင်းလေတပ်ကွပ်ကဲမှုဌာနချုပ်မှူး ဗိုလ်မှူးချုပ်ထွန်းဝင်းနှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဇနီးများ၊ အမှတ် (၈၈) ခြေမြန်တပ်မဌာနချုပ်နှင့် မကွေးတပ်နယ်ရှိ တပ်ရင်း/တပ်ဖွဲ့များ၊ တက္ကသိုလ်အသီးသီးရှိ ပါမောက္ခချုပ်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်/မြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စေတနာရှင်အလှူရှင်များနှင့် ဒေသခံပြည်သူများ တက်ရောက်လောင်းလှူပူဇော်ခဲ့ကြကြောင်း သိရသည်။

ထိုသို့ ဆွမ်းဆန်စိမ်းနှင့်လှူဖွယ်ပစ္စည်းများ လောင်းလှူရာတွင် မကွေးမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်း ၉၆ ကျောင်းနှင့် စာသင်တိုက်ကျောင်းအသီးသီးမှ ဆရာတော်၊ သံဃာတော်၊ သီလရှင် စုစုပေါင်း ၁၁၇၄ ပါးတို့အား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူပူဇော်ခဲ့ကြသည်။

စုပေါင်း လှူဒါန်းမှုအနေဖြင့် ငွေကျပ် ၉၇၅ သိန်းကျော်ခန့် လှူဒါန်းခဲ့ပြီး မြသလွန်ဘုရားရင်ပြင်တော်ပေါ်၌ ဝတ်ရွတ်အသင်း ၂၀ က အန္တရာယ်ကင်းပရိတ်ပဋ္ဌာန်းများကိုလည်း ရွတ်ဖတ်ပူဇော်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ အကျဉ်းထောင်/အချုပ်ထောင်အသီးသီးမှ အကျဉ်းကျခံနေရသူများကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

နေပြည်တော် မေ ၃

အကျဉ်းထောင်၊ အချုပ်ထောင်အသီးသီးတို့တွင် အကျဉ်းကျခံနေကြရသော နိုင်ငံသား အကျဉ်းသား အကျဉ်းသူ ၂၁၅၃ ဦးတို့ကို ယနေ့တွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့ကြောင်း သိရသည်။

ယနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အကျဉ်းထောင်/ အချုပ်ထောင်အသီးသီးမှ အကျဉ်းကျခံနေကြသော အကျဉ်းသား အကျဉ်းသူ ၂၁၅၃ ဦးတို့ကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ "နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်"ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန် ကျန်ရှိသောပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့ကြောင်း သိရသည်။

အကျဉ်းသား အကျဉ်းသူများကို တစ်ဦးလျှင် ခရီးစရိတ်အဖြစ် ခရီးမိုင်တစ်မိုင်အား ငွေကျပ် ၃၅ ကျပ်နှုန်း၊ စားစရိတ်အား တစ်ရက်လျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ဦးစီးရန်ပုံငွေမှ ပြည့်ဝစွာ ထုတ်ပေးခဲ့ကြောင်း သိရသည်။

အကျဉ်းသား အကျဉ်းသူများအား လွှတ်ပေးရာတွင် အကျဉ်းထောင်ရုံးစိုက်ရာမြို့ရှိ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ တိုင်းဒေသကြီး/ ပြည်နယ် ရဲတပ်ဖွဲ့မှူး၊ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူး၊ အကျဉ်းထောင်တာဝန်ခံအရာရှိ၊ သက်ဆိုင်ရာ ဒေသရှိ ခရိုင်/မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ခရိုင်/မြို့နယ် ရဲတပ်ဖွဲ့မှူးများ၊ သတင်းရဲတပ်ဖွဲ့နှင့် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနတို့ ပါဝင်သောအဖွဲ့ဖြင့် ဆုံးမဩဝါဒစကားပြောကြား၍ ထောင်လွတ်လက်မှတ် ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြစ်ဒဏ်မှလွတ်ငြိမ်းခွင့်ရရှိသူ ၂၁၅၃ ဦးအနက် ကချင်ပြည်နယ်မှ ၁၄ ဦး၊ ကယားပြည်နယ်မှ ၁၀၁ ဦး၊ ကရင်ပြည်နယ်မှ ကိုးဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၄၇ ဦး၊ တနင်္သာရီတိုင်းဒေသကြီးမှ ၄၉ ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ၄၅၀၊ မကွေးတိုင်းဒေသကြီးမှ ၉၄ ဦး၊ မန္တလေးတိုင်းဒေသကြီးမှ ၉၁၁ ဦး၊ မွန်ပြည်နယ်မှ ၂၆ ဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ ၃၃၉ ဦး၊ ရှမ်းပြည်နယ်မှ ၆၅ ဦး၊ ဧရာဝတီတိုင်းဒေသကြီးမှ ၄၈ ဦး လွတ်ငြိမ်းခွင့်ပေးခဲ့ကြောင်း သိရသည်။

ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရသူများနှင့် အကျဉ်းထောင်ရှေ့သို့ လာရောက်ကြိုဆိုသော ၎င်းတို့၏ မိသားစုဝင်များမှာ ပျော်ရွှင်ကြည်နူးဝမ်းမြောက်စွာ နှုတ်ဆက်ကြပြီး ခရီးဝေးသွားရောက်ကြမည့်ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရသူများအား ဘူတာရုံ၊ သင်္ဘောဆိပ်၊ ကားဂိတ်များသို့မော်တော်ယာဉ်များဖြင့် သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့များက လိုက်လံပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပုသိမ်အကျဉ်းထောင်မှ အကျဉ်းသား ၁၈ ဦးအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု



ပုသိမ် မေ ၃

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်အကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား အကျဉ်းသူများအနက် အကျဉ်းသား ၁၆ ဦး၊ အကျဉ်းသူ နှစ်ဦး စုစုပေါင်း ၁၈ ဦးတို့အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်အမှတ်(၃၁/၂၀၂၃)ဖြင့် ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပြုခဲ့သည်။

အဆိုပါ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုသည့် အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီခွဲက အကျဉ်းထောင် အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ပြီး လွတ်လူအကျဉ်းသား အကျဉ်းသူများအား ပုသိမ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးနေမျိုးဟိန်းကို၊ ပုသိမ်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးရဲရန်အောင်နှင့် ပုသိမ်အကျဉ်းထောင် တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဇော်လင်းတို့က ဆုံးမဩဝါဒ ပြောကြားခဲ့ပြီး လွတ်လူ အကျဉ်းသား အကျဉ်းသူ ၁၈ ဦးတို့အား စားစရိတ်၊ ခရီးစရိတ်တို့အား ထုတ်ပေးခဲ့ပြီး နံနက် ၁၁ နာရီတွင် အကျဉ်းထောင်မှ လွှတ်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## မွန်ပြည်နယ်အတွင်းရှိ အကျဉ်းထောင်များတွင် ပြစ်ဒဏ်ကျခံနေရသူ ၂၆ ဦး လွတ်ငြိမ်းခွင့်ရရှိ

မော်လမြိုင် မေ ၃

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ကဆုန်လပြည့်(ဗုဒ္ဓနေ့)အထိမ်းအမှတ်အဖြစ် အကျဉ်းထောင်/အချုပ်ထောင်/စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံနေကြရသော အကျဉ်းသား အကျဉ်းသူ စုစုပေါင်း ၂၁၅၃ ဦးတို့အား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့သည်။

မွန်ပြည်နယ်ဦးစီးမှူးရုံးကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်/စခန်းများအနက် ကျိုက်မရောဗဟိုအကျဉ်းထောင်နှင့် သထုံအကျဉ်းထောင်တို့မှ သတ်မှတ်ချက်နှင့်ကိုက်ညီသူ အကျဉ်းသား ခုနစ်ဦး၊ အကျဉ်းသူ ၁၉ ဦး စုစုပေါင်း ၂၆ ဦးအား ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပြု၍ ယနေ့နံနက်ပိုင်းက လွှတ်ပေးခဲ့ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးကြောင်း လက်မှတ်၊ စားစရိတ်၊ ခရီးစရိတ်၊ လုပ်အားဆုငွေများ ထုတ်ပေးခြင်း၊ ထမင်းထုပ်များဝေငှခြင်း၊ မော်တော်ယာဉ်များဖြင့် ကားဂိတ်နှင့် ဘူတာရုံများသို့ လိုက်လံပို့ဆောင်ခြင်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မုံရွာမြို့အကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံသူ ၁၁ ဦး လွတ်ငြိမ်းခွင့်ရရှိ



မုံရွာ မေ ၃

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အကျဉ်းဦးစီးဌာန မုံရွာအကျဉ်းထောင်၌ ပြစ်ဒဏ်ကျခံနေရသူများမှ အကျဉ်းသား ရှစ်ဦးနှင့် အကျဉ်းသူ သုံးဦး စုစုပေါင်း ၁၁ ဦးကို ယနေ့နံနက်ပိုင်းက လွတ်ငြိမ်းခွင့်ပြုပေးခဲ့ကြောင်း သိရသည်။

လွတ်ငြိမ်းခွင့်အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက အဆိုပါ အကျဉ်းထောင် အစည်းအဝေးခန်းမ၌ ကျင်းပပြီး မုံရွာအကျဉ်းထောင်တာဝန်ခံအရာရှိလက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမင်းလတ်က ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသူများအား ဆုံးမစကား ပြောကြားပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များနှင့် ခရီးစရိတ်ငွေ၊ ထောက်ပံ့ငွေများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် မေ ၃

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော် ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

### အမှုဖွင့်လှစ်အရေးယူ

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နေပြည်တော်ပြည်ထောင်စုနယ်မြေ ဇမ္ဗူသီရိမြို့နယ် ပညာသိဒ္ဓိရပ်ကွက်နေ နှင်းသီတာအောင်သည် ၎င်းအသုံးပြုသည့် "Hinn Thida Aung" Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## သီပေါအကျဉ်းထောင်မှ အကျဉ်းသားသုံးဦး ပြစ်ဒဏ်မှလွတ်ငြိမ်းခွင့်ရရှိ

သီပေါ မေ ၃

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် သီပေါအကျဉ်းထောင်မှ အကျဉ်းသားသုံးဦးအား သက်ဆိုင်ရာများသို့ လွှဲအပ်လွှတ်ပေးသည့် အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် သီပေါအကျဉ်းထောင် ဧည့်ရိပ်သာ၌ ပြုလုပ်သည်။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးအောင်မင်းနှင့် သီပေါအကျဉ်းထောင်တာဝန်ခံအရာရှိ (ဦးစီးအရာရှိ) ဦးစိုးသီဟတို့က ဆုံးမဩဝါဒစကားပြောကြား၍ အဆိုပါပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသည့် အကျဉ်းသားသုံးဦးအား သက်ဆိုင်ရာသို့ စနစ်တကျလွှဲအပ်လွှတ်ပေးပြီး အကျဉ်းထောင်မှ မော်တော်ယာဉ်ဖြင့် ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

၂၁၀

# မန္တလေးဗဟိုအကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၅၇၂ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိ



**မန္တလေး မေ ၃**

မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် ကဆုန်လပြည့် ဗုဒ္ဓနေ့ အထိမ်းအမှတ်အဖြစ် လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း အကျဉ်းထောင်/အချုပ်ထောင်/စခန်းအသီးသီးတွင် ရာဇသတ်ကြီး ပုဒ်မ ၅၀၅-က ဖြင့် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား အကျဉ်းသူ ၂၁၅၃ ဦးကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုလိုက်ရာ မန္တလေးမြို့ရှိ မန္တလေးဗဟိုအကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၅၇၂ ဦး လွတ်ငြိမ်းခွင့်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ မန္တလေးဗဟိုအကျဉ်းထောင်မှ လွတ်ငြိမ်းခွင့်ရရှိခဲ့သည့် အကျဉ်းသား ၅၂၅ ဦး၊ အကျဉ်းသူ ၄၇ ဦး စုစုပေါင်း ၅၇၂ ဦးတို့ကို တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ကျော်မင်း က ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးဗဟိုအကျဉ်းထောင်၌ တွေ့ဆုံ၍ ဆုံးမသြဝါဒစကားများ ပြောကြားခဲ့သည်။

**ဆောင်ရွက်ပေး**

ထို့နောက် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရ အကျဉ်းသား အကျဉ်းသူများအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ နေ့တွက်စရိတ်နှင့် ခရီးစရိတ်ပေးအပ်ခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ပေး၍ အကျဉ်းထောင်မှ လွှတ်ပေးခဲ့သည်။

ယနေ့တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အကျဉ်းထောင် ငါးခုမှ အကျဉ်းသား ၈၀၃ ဦး၊ အကျဉ်းသူ ၁၄၈ ဦး စုစုပေါင်း ၉၅၁ ဦး လွတ်မြောက်ခဲ့ကြောင်း သိရသည်။

မောင်အေးချမ်း

# ထားဝယ်အကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၃၄ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

**ထားဝယ် မေ ၃**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ မြန်မာသက္ကရာဇ် ၁၃၈၅ခုနှစ် ကဆုန်လပြည့်နေ့တွင် ကျရောက်သည့် ကဆုန်လပြည့်ဗုဒ္ဓနေ့ အထိမ်းအမှတ်အဖြစ်လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့် လည်းကောင်း ပြစ်ဒဏ် လွတ်ငြိမ်းခွင့်ဖြင့် ထားဝယ် အကျဉ်းထောင်မှ



အကျဉ်းသား အကျဉ်းသူ ၃၄ ဦးကို ယနေ့နံနက် ၁၀ နာရီက လွတ်ငြိမ်းခွင့်ပေးခဲ့ကြောင်း သိရသည်။

လွတ်ငြိမ်းခွင့်ရ အကျဉ်းသား ၂၃ ဦးနှင့် အကျဉ်းသူ ၁၁ ဦးကို ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးဇော်မြင့်သိန်းနှင့် တာဝန်ရှိသူများက ဆုံးမစကားများ ပြောကြားပြီး ထောင်လွတ်လက်မှတ်နှင့် အတူ သတ်မှတ်ခရီးစရိတ်များ ထုတ်ပေး၍ လွတ်ငြိမ်းခွင့်ရရှိသူများအားလုံးကို လွှတ်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် မြိတ်အကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၁၄ ဦး လွတ်မြောက်

**မြိတ် မေ ၃**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် ကဆုန်လပြည့်နေ့တွင်ကျရောက်သည့် ကဆုန်လပြည့်ဗုဒ္ဓနေ့ အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် မြိတ်အကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၁၄ ဦးအား ယနေ့နံနက် ၁၀ နာရီက လွှတ်ပေးခဲ့သည်။

အကျဉ်းသား ရှစ်ဦး၊ အကျဉ်းသူ ခြောက်ဦးကို အကျဉ်းဦးစီးဌာန ဧည့်ရိပ်သာခန်းမတွင် အကျဉ်းထောင်တာဝန်ခံအရာရှိနှင့် တာဝန်ရှိသူများက ဆုံးမစကားများပြောကြား၍ ထောင်လွတ်လက်မှတ်နှင့်အတူ စားစရိတ်၊ ခရီးစရိတ်များပေး၍ လွှတ်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ကလေးအကျဉ်းထောင်မှ အကျဉ်းသားတစ်ဦး လွှတ်ပေး

**ကလေး မေ ၃**

စစ်ကိုင်း တိုင်းဒေသကြီး ကလေးမြို့တွင် အကျဉ်းဦးစီးဌာန ကလေးအကျဉ်းထောင်မှ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်အမှတ် ( ၃၁ /၂၀၂၃ ) အရ အကျဉ်းသား အမျိုးသားတစ်ဦးအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ပေးခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက အဆိုပါအကျဉ်းဦးစီးဌာန၌ ကျင်းပသည်။

**ဆုံးမသြဝါဒစကားပြောကြား**

ရှေးဦးစွာ ကလေးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှစိုးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ရဲမှူးမြင့်ဝေ တို့က ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် လွတ်မြောက်သည့် အကျဉ်းသားကို ဆုံးမသြဝါဒစကား ပြောကြားခဲ့ကြသည်။

ထို့နောက် ကလေးအကျဉ်းထောင်မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မိုးဝင်းက အမှာစကားပြောကြားခဲ့ပြီး ထောင်လွတ်




လက်မှတ်နှင့် စားစရိတ်/ခရီး စရိတ်များကို တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိသည်။

ခရိုင်(ပြန်/ဆက်)

# လားရှိုးအကျဉ်းထောင်မှ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် အကျဉ်းသား အကျဉ်းသူ ၁၃ ဦး လွတ်မြောက်

**လားရှိုး မေ ၃**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်အမှတ် (၃၁/၂၀၂၃) အရ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ လားရှိုးအကျဉ်းထောင်မှ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရသည့် အကျဉ်းသားများအား လွှတ်ပေးသည့် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လားရှိုးအကျဉ်းထောင်ရှိ ဓမ္မာရုံ၌ ပြုလုပ်သည်။

အကျဉ်းထောင်ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရသူများအား လားရှိုးခရိုင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်အောင်ဆန်းနှင့် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ဝေဠုသတိုးတို့က ဆုံးမသြဝါဒစကား ပြောကြား၍ အကျဉ်းသား အကျဉ်းသူ ၁၃ ဦးအား လွှတ်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ဘားအံအကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ကိုးဦး ပြစ်ဒဏ်မှလွတ်ငြိမ်းခွင့်ပြု

**ဘားအံ မေ ၃**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား အကျဉ်းသူများအား စည်းကမ်းသတ်မှတ်ချက်များဖြင့် ပြစ်ဒဏ်မှလွတ်ငြိမ်းခွင့်ပေးခဲ့ရာ အကျဉ်းဦးစီးဌာန ကရင်ပြည်နယ် ဦးစီးမှူးရုံးကွပ်ကဲမှုအောက်ရှိ အကျဉ်းသား အကျဉ်းသူ ကိုးဦး ပြစ်ဒဏ်မှလွတ်ငြိမ်းခွင့်ရရှိခဲ့သည်။



**ဆုံးမသြဝါဒစကားများပြောကြား**

အဆိုပါ လွတ်မြောက်အကျဉ်းသား အကျဉ်းသူများအား အကျဉ်းဦးစီးဌာန ကရင်ပြည်နယ်ဦးစီးမှူးရုံးမှ ညွှန်ကြားရေးမှူးဦးမျိုးငွေ၊ ဘားအံအကျဉ်းထောင်တာဝန်ခံအရာရှိနှင့် တာဝန်ရှိသူများက ဆုံးမသြဝါဒစကားများပြောကြားပြီး လွတ်ငြိမ်းခွင့်လက်မှတ်နှင့် ခရီးစရိတ်များပေးအပ်၍ ကတိခံဝန်ချက်လက်မှတ်ရေးထိုးစေကာ ယနေ့နံနက် ၁၀ နာရီခန့်တွင် လွှတ်ပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



# ရှမ်းပြည်နယ်အတွင်းရှိ အကျဉ်းထောင်အသီးသီးမှ အကျဉ်းသား အကျဉ်းသူ ၆၅ ဦး လွတ်မြောက်

**တောင်ကြီး မေ ၃**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်အမှတ် (၃၁/၂၀၂၃)ဖြင့် ရှမ်းပြည်နယ် အတွင်းရှိ အကျဉ်းထောင်အသီးသီးမှ ပြစ်ဒဏ် လွတ်ငြိမ်းခွင့်ဖြင့် လွတ်မြောက်သွားသူ အကျဉ်းသား အကျဉ်းသူများအား သက်ဆိုင်ရာ မြို့နယ်အလိုက်တာဝန်ရှိသူများက ဆုံးမသြဝါဒစကားများပြောကြားပြီး စားစရိတ်နှင့် ခရီးစရိတ်တို့ပေးအပ်၍ အကျဉ်းထောင်မှ စနစ်တကျ လွှတ်ပေးခဲ့သည်။

**၆၅ ဦးလွတ်မြောက်**

ထိုသို့ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးရာတွင် ညောင်ရွှေအကျဉ်းထောင်မှ ၄၆ ဦး၊ ကျိုင်းတုံ အကျဉ်းထောင်မှ သုံးဦး၊ လားရှိုးအကျဉ်းထောင်မှ ၁၃ ဦး၊ သီပေါအကျဉ်းထောင်မှ သုံးဦး စုစုပေါင်း ၆၅ ဦး လွတ်မြောက်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ရန်ကင်းမြို့နယ်အတွင်းရှိ မိုးကောင်းဆုတောင်းပြည့်စေတီတော်မြတ်ကြီး၌ ကဆုန်ညောင်ရေသွန်းလောင်းပွဲတော် ကျင်းပ



ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းခရိုင်၊ ရန်ကင်းမြို့နယ်အတွင်းရှိ မိုးကောင်းဆုတောင်းပြည့်စေတီတော်မြတ်ကြီး၌ ၁၃၈၅ ခုနှစ်၊ ကဆုန်လပြည့်နေ့(ဗုဒ္ဓနေ့)၊ (၃-၅-၂၀၂၃)ရက် နံနက် ၇:၃၀ နာရီတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မိုးကောင်းဆုတောင်းပြည့်စေတီတော်မြတ်ကြီး၏ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့တို့မှ ကြီးမှူး၍ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရဟန်းရှင်လူ၊ လုပ်သားပြည်သူများမှ အေးချမ်းပျော်ရွှင်၊ စည်ကားသိုက်မြိုက်စွာ ကဆုန်ညောင်ရေသွန်းလောင်းပွဲတော် ကျင်းပခဲ့ကြပါသည်။

ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့

# “အကယ်ဒမီပွဲကြို ” ရုပ်ရှင်ဇာတ်ဝင်တေးများ ဖျော်ဖြေပွဲ ပွဲစဉ် -၂ မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်




နေပြည်တော် မေ ၃

ပြည်သူများ အပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ Friday Night Live Show အစီအစဉ် ဆန်းသစ်မှုအဖြစ် “အကယ်ဒမီပွဲကြို” ရုပ်ရှင်ဇာတ်ဝင်တေးများ ဖျော်ဖြေပွဲ ပွဲစဉ် -၂ ကို မေ ၅ ရက် (သောကြာနေ့) ည ၈ နာရီ သတင်းများအပြီးတွင် MRTV-HD Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

**ထပ်မံထုတ်လွှင့်ပြသမည်**

အဆိုပါအစီအစဉ်တွင် “မြန်မာ့အသံတေးဂီတ” အဖွဲ့၏ တီးခတ်မှုနှင့်အတူ တေးသံရှင်များဖြစ်ကြသည့် စိုးအောင် (ကောင်းကင်ပြာ)၊ ရဲထိုက်၊ စိုးထက်အောင်၊ ချမ်းဟိန်းဝင်းထွန်း၊ စောထက်နေယံ၊ သဲနုဝါ၊ ခင်လပြည့်ဝန်း၊ ပူတူး၊ မြတ်ဆုချယ်နှင့် နန်းခိုင်သစ္စာတို့က သီဆိုဖျော်ဖြေကြမည်ဖြစ်ပြီး ထိုသို့တင်ဆက်မှုကို မေ ၇ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ဆီးဂိမ်း အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုပထမနေ့တွင် မြန်မာအသင်း အနိုင်ရ

ရန်ကုန် မေ ၃

(၃၂) ကြိမ်မြောက် ဆီးဂိမ်းအမျိုးသမီး ဘောလုံးပြိုင်ပွဲ အုပ်စုပထမနေ့ကို မေ ၃ ရက်က စတင်ကျင်းပရာ မြန်မာအသင်းသည် ဖိလစ်ပိုင်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။


မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် အုပ်စုပထမပွဲတွင် ရလဒ်ကောင်း ရယူနိုင်ခဲ့ပြီး နောက်ကျပင်နယ်တီဂိုးဖြင့် အမှတ်ပြည့်ရယူနိုင်ခဲ့သည်။ ယခုနောက်ပိုင်းနှစ်များတွင် ခြေစွမ်းပိုင်းတိုးတက်လာသည့် အပြင် အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့်ရ၊ ၂၀၂၂ အာဆီယံ ချန်ပီယံဖိလစ်ပိုင်အသင်းကို မြန်မာအသင်းအနေဖြင့် အကောင်းဆုံးတုံ့ပြန်ကာ အနိုင်ယူခဲ့ခြင်းဖြစ်သည်။

